
mgyoe.com SAMPLE BOOK



# ဗုဒ္ဓ ဘာတွေ တွေ့ခဲ့သလဲ

အာဂကာမိုးသူ

mgyoe.com

THAR NGE

mgyoe.com SAMPLE BOOK

ဗုဒ္ဓက လူ့အသိဉာဏ်ကို အကြောက်တရားတွေနဲ့
သွတ်သွင်းခေါင်းပုံဖြတ်တတ်တဲ့ ဘာသာရေးတွေနဲ့
ဘာသာရေးအကြောင်းပြုပြီး အသိဉာဏ်လွတ်လပ်ခွင့်ကို
ဘာသာရေးနဲ့အသိဉာဏ်တိုး သတ်ဖြတ်လုပ်ကြံမှု
(Religicide) ဖြစ်တဲ့ ရာဇဝတ်ပြောက်မှုတွေကို အနတ္တအမြင်နဲ့
သုတ်သင်ရှင်းလင်းခဲ့တာဖြစ်ပါတယ်။

ဒီစာအုပ်ဟာ အသိဉာဏ်လွတ်လပ်ခွင့်ကို
ဗုဒ္ဓတိုက်ယူခဲ့တဲ့အခါ ဂိုဏ်းဂဏအသီးအသီးတွေကိုယ်တိုင်
စွဲစွဲလမ်းလမ်းဆုပ်ကိုင်ထားတဲ့ အယူဝါဒအသီးအသီးတွေအပေါ်မှာ
ဗုဒ္ဓဘယ်လိုရှုထောင့်တွေနဲ့ ရင်ဆိုင်ဖြေရှင်းခဲ့သလဲဆိုတာကို
မြည်းစမ်းလေ့လာနိုင်အောင်
မိတ်ဆက်ပေးထားတာ ဖြစ်ပါတယ်။

ဒီစာအုပ်ဟာ အသိပညာဆာလောင်နေတဲ့ လူငယ်အဖွဲ့အစည်းကြားထဲမှာ
ဗုဒ္ဓဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲဆိုတာ အသိပညာရပ်တည်မှုကနေ
၂၁ ရာစု လူငယ်တွေ သိနိုင်မြင်နိုင်တဲ့ ခေတ်ဘာသာစကားနဲ့
ဗုဒ္ဓရဲ့ အယူအဆကို ရိုးရိုးရှင်းရှင်း အဓိပ္ပါယ်ဖွင့်
မိတ်ဆက်ပေးထားခြင်းသာ ဖြစ်ပါတယ်။
လူ့အဖွဲ့အစည်းအတွက် ဗုဒ္ဓတည်ဆောက်ပေးခဲ့တဲ့
အသိဉာဏ်သဘောကို မိတ်ဆက်တင်ပြပေးခြင်း ဖြစ်ပါတယ်။

ISBN 978-99971-83-17-0

9 789997 183170 >

mgyoe.com

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း

စာမျက်နှာ - ၁၉၀
စာအုပ်ဆိုဒ် - အလျား ၁၄.၇ × အနံ ၂၁ စင်တီ။
စာအုပ်အမျိုးအစား - သုတ
မျက်နှာဖုံးပန်းချီ - မြင့်မောင်ကျော်
အတွင်းအပြင်အဆင် - စောမာလာ
ISBN - 978 - 99971 - 83 - 17 - 0
ထုတ်ဝေခြင်း - ပထမအကြိမ်၊ နိုဝင်ဘာလ - ၂၀၂၄
အုပ်ရေ - ၇၀၀

ဤစာအုပ်ကို ဦးဖြိုးဝေ၊ သားငယ်စာပေ (၀၂၀၀၆)၊ အမှတ် ၂၃/၄ (က)၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးက ထုတ်ဝေ၍ ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက် (၀၀၁၀၂)၊ အမှတ် (၁၄ /အေ-၁)၊ နေကြာလမ်း၊ ၂-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ပုံနှိပ်သည်။

စာမူမူပိုင် - စာရေးသူ
ပုံနှိပ်မူပိုင် - သားငယ်စာပေ

**တန်ဖိုး - ၁၀၀၀၀ ကျပ်**

**သတိပေးခြင်း**

ဤစာအုပ်ထုတ်လုပ်ဖွဲ့စည်းမှုပုံစံသည် သားငယ်စာပေတိုက်၏ မူပိုင်ဖြစ်သည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက်ရေးခြင်းမှလွဲ၍ ယခုပုံစံအတိုင်း စာတစ်အုပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အခြားသော မည်သည့်ပုံစံသို့မျှ ပြုပြင်ပြောင်းလဲ သုံးစွဲခွင့်မပြု။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


စာရေးသူအမှာ
နိဒါန်း
၁။ ဗုဒ္ဓရဲ့အဓိပ္ပာယ်ကို ဖွင့်ဖောက်ကြည့်ခြင်း ၁၇
၂။ အနုဿဝိကာ (Orthodox) နဲ့ တက္ကီ (Heterodox) ၁၉
၃။ ဝေရှဥ္စပုဏ္ဏားရဲ့ ဗုဒ္ဓကို အဓိပ္ပာယ်ဖွင့်ဆိုပုံများ ၂၁
၄။ ကာမဂုဏ်နဲ့ လွတ်မြောက်မှုလွန်ဆွဲပွဲ ၂၅
၅။ ရှေးခေတ်အိန္ဒိယရဲ့ အယူဝါဒအမျိုးမျိုး ၂၇
၆။ အိန္ဒိယနိုင်ငံရဲ့ မွေးရာပါလွတ်လပ်ခွင့် ၃၁
၇။ ဘာသာရေးလွတ်လပ်ခွင့်ဆိုတာ မွေးရာပါတန်ဖိုး ၃၅
၈။ ဘာသာမဲ့ (Atheism) ဆိုတဲ့ အတွေးအခေါ် ၄၁
၉။ ဗုဒ္ဓဟာ ဘာသာမဲ့တစ်ဦးလား ၄၅
၁၀။ အမျိုး ၄ ပါးနဲ့ပတ်သက်ပြီး ဖွင့်ဆိုချက် ၄၉
၁၁။ ဗုဒ္ဓနဲ့အိန္ဒိယ ၇၃
၁၂။ ဖိနှိပ်ခြင်းနဲ့ ဖိနှိပ်ခံရခြင်းနယ်နိမိတ် ၁၀၅
၁၃။ အနောက်တိုင်းအတွေးအခေါ်စနစ်ဘောင်သွင်းခြင်း ၁၀၉
၁၄။ ဘုရားပေးတဲ့အခွင့်အာဏာ ၁၁၃
၁၅။ အိန္ဒိယဘုရင်တစ်ပါးရဲ့နှုန်းစံ ၁၁၇
၁၆။ ဗုဒ္ဓနဲ့ပလေတို ၁၁၉
၁၇။ ပလေတိုစဉ်းစားတဲ့ တရားမျှတမှုနဲ့ ဗုဒ္ဓစဉ်းစားတဲ့ တရားမျှတမှု ၁၂၉
၁၈။ အရှေ့တိုင်းသားတွေရဲ့ အတွေးအခေါ်တွေက ဘာကြောင့် စိတ်ကူးယဉ်ဆန်ရသလဲ ၁၃၉


mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| ၁၉။ | ဗုဒ္ဓနဲ့ ခေတ်ပြိုင်အတွေးများ | ၁၄၃ |
| ၂၀။ | ဗုဒ္ဓနဲ့ဂရိ | ၁၅၁ |
| ၂၁။ | ဗုဒ္ဓနဲ့ဉာဏ်အလင်းပွင့်ခေတ် | ၁၆၅ |
| ၂၂။ | အလျင်စလိုကောက်ချက်ချမှုကို ချေဖျက်ခြင်း | ၁၆၉ |
| ၂၃။ | ဗုဒ္ဓဘာသာနဲ့ အသိပညာအခွင့်အလမ်း | ၁၇၅ |
| ၂၄။ | ဗုဒ္ဓနဲ့ လူမှုရွေးချယ်မှုနည်းနာ | ၁၈၁ |
| | နိဂုံး | ၁၈၇ |


mgyoe.com

mgyoe.com SAMPLE BOOK

''ဒီစာအုပ်ကို ဘာသာရေးမဟုတ်တဲ့ ဘာသာရေးစာအုပ်လို့ပဲ ဆိုချင်ပါတယ်။ ဘာသာရေးအတွေးအမြင်တွေကို အခြေခံထားပေမဲ့ လူ့ပုဘဝပတ်ဝန်းကျင်မှာ တွေးစရာ၊ မြင်စရာတွေကို ရှုထောင့်သစ်၊ အမြင်သစ်တွေနဲ့ ကြည့်တတ်ဖို့၊ မြင်တတ်ဖို့ လမ်းဖွင့်ပေးထားတဲ့စာအုပ်လို့ ဆိုနိုင်တဲ့စာတွေဖြစ်သလို ဆက်စပ်စဉ်းစားရမဲ့ အသိတရားတွေလဲ ဖြစ်ပါတယ်။ အဲဒါကြောင့် လူငယ်တွေနဲ့ အလွန်သင့်လျော်တဲ့စာအုပ်အဖြစ် ညွှန်းလိုပါတယ်''

**– ပါမောက္ခဦးအေးမင်း (ဌာနမှူး–ငြိမ်း)**

အရှေ့တိုင်းပညာဌာန၊ ဒဂုံတက္ကသိုလ်

''ဒီစာအုပ်မှာတွေ့ရတဲ့ စကားပြေရေးဟန်ကိုကြည့်တဲ့အခါ ခေတ်ပေါ်စကားပြေ၊ ခေတ်ပေါ်ကဗျာတွေရဲ့ စကားလုံးတွေ၊ ဝါကျတည်ဆောက်ပုံတွေ၊ အသံစနစ်တွေပါဝင်နေတယ်ဆိုတာ တွေ့ရပါတယ်။ ဗုဒ္ဓအတွေးအခေါ်ကိုပြောတဲ့အခါ ပုံမှန်ဘုရားတရားစာပေတွေမှာတွေ့ရတဲ့ ရှေးရိုးပြောနေကျစကားလုံးတွေကို နောက်ထပ်သစ်လွင်တောက်ပနေတဲ့ စကားလုံးအသစ်တွေနဲ့ အစားထိုးရေးသားထားတာကို တွေ့ရခြင်းပါပဲ''

**– ဒေါက်တာထွန်းလင်းကျော်**

ပါမောက္ခ၊ မြန်မာစာ

''ကနေ့လို ကသုတ်ကရက်နိုင်လှတဲ့ ကမ္ဘာကြီးမှာ ဗုဒ္ဓရဲ့အသက်ရှူသံကို ကြည်ကြည်လင်လင် ကြားရအောင် ဒီစာအုပ်က ဖမ်းယူပြထားပါတယ်။ ဒီစာအုပ်နဲ့ပတ်သက်ပြီး ထင်သာမြင်သာရှိတဲ့အရာက ကိုယ်ကျင့်တရား ဒါမှမဟုတ် ကိုယ်ကျင့်သီလဟာ လူ့အဖွဲ့အစည်း တောင့်တင်းခိုင်မာဖို့အတွက် ဘီလပ်မြေပဲဆိုတာပါ။ မိမိဟာ လူ့အဖွဲ့အစည်းထဲမှာ ဘယ်လိုလူလဲ ကိုယ့်ကိုယ်ကိုယ် ပြန်သိဖို့၊ ပြန်ကြည့်ဖို့ ဒီစာအုပ်ကို ဖတ်ရှုသင့်ပါတယ်''

**– ဦးအောင်ကျော်မျိုး (ခ) Sayar Robin**

ECO of Jupiter Online Education

Peti Academy Founder

Principal of Euphoria Academy

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူအမှာ

လူငယ်တွေနဲ့ ထဲထဲဝင်ဝင်စကားပြောပြီး လေးလေးစားစား နားထောင်ကြည့်တဲ့ အခါ အမှန်တရားသစ္စာ (ဓမ္မ) နဲ့ ကိုးကွယ်ယုံကြည်မှုအပေါ် သူတို့ကိုယ်တိုင် လုံးလုံး ထွေးထွေးနဲ့ အစာမကြေဖြစ်နေကြပြီး ဘာသာရေးအနာလုံးပေါက်လာကာ အသွားရှနေတဲ့ မေးခွန်းတွေနဲ့ပါ အရာရာအားလုံးကို ထိုးဆွဖို့ အဆင်သင့်စောင့်ဆိုင်းပြီးသား ဖြစ်နေခဲ့ကြပါတယ်။ မေးခွန်းမေးတယ်ဆိုတာ လူငယ်တွေရဲ့အတွေးအခေါ် လွတ်လပ်ခွင့်ကို ထင်ဟပ်ပြတဲ့ အမှတ်တံဆိပ်ပါပဲ။ အဲဒီအတွေးအခေါ် လွတ်လပ်ခွင့်ရမှလဲ သူတို့ရဲ့ဘဝမှာ နိုင်မာတဲ့ ကိုယ်ပိုင်အသိတရားကို တည်ဆောက်ခွင့်ရကြမှာ ဖြစ်ပါတယ်။

လူငယ်တွေရဲ့ စူးစမ်းသိရှိလိုစိတ်ပြင်းပြတဲ့ စူးရှရှမေးခွန်းတွေက ယနေ့ခေတ် မြန်မာ့လူ့အဖွဲ့အစည်းရဲ့ ဝေဖန်ပိုင်းခြားမှုတွေကို နောက်ပြန်မကျအောင် တောင့်ခံပေး ထားတဲ့ ခေတ်ရဲ့အသိဉာဏ်ကြွက်သားတွေဆိုတာကို အလေးစိုက်မိပါတယ်။ အသိတရား ဆာလောင်နေတဲ့ လူငယ်တွေ မက်မောတာက ဘာသာရေးသွတ်သွင်းမှုကို ငြင်းပယ်လို ကြတာဖြစ်ပြီး အသိဉာဏ်လွတ်လပ်ခွင့်ကနေရတဲ့ ဆင်ခြင်စဉ်းစားမှုကိုသာ စားသုံးချင်ကြ တာပဲ ဖြစ်ပါတယ်။ ဗုဒ္ဓနဲ့ပတ်သက်ပြီး သိချင်ကြတာက သစ္စာလေးပါးဆိုတဲ့ ဝေါဟာရထက် စာရင် အဲဒီသစ္စာလေးပါး အသိတရားကို ဘယ်လိုစတင်တွေးခေါ်မြော်မြင်ခဲ့ပြီး ဘယ်လို အသိတရားပွတ်တိုက်မှုတွေ လုပ်ခဲ့သလဲဆိုတဲ့ အသိဉာဏ်ဖွံ့ဖြိုးလာပုံ အဆင့်ဆင့်ကို စူးစမ်းလိုကြတာ ပိုများတာတွေ့ရပါတယ်။

အခု သူတို့လက်ဖဝါးထဲကို ကမ္ဘာအရပ်ရပ်အသီးသီးကတစ်ဆင့် လောလော လတ်လတ် စီးဝင်ရောက်နေတဲ့ အချက်အလက်တွေကနေ အချိန်ကာလမဆိုင်း သင်ယူ လေ့လာခွင့်ရှိနေကြသလို ခေတ်အသိ၊ ခေတ်ပညာရပ်လာ အသိတရားတွေနဲ့ နှိုင်းယှဉ်ပြီး ယုတ္တိယုတ္တာ ရှိ မရှိ ချင့်ချိန်ဆင်ခြင်မှု အားကောင်းလာတဲ့ မျိုးဆက်လဲ ဖြစ်ပါတယ်။ နောက်ပြီး အသိတရားအယူအဆ ထိလွယ်ရှလွယ် မျိုးဆက်လဲ ဖြစ်ပါတယ်။ ဒီအချက် ကလဲ ရှင်သန်ရုန်းကန်နေရတဲ့ ကျွန်တော်တို့မျိုးဆက်အသီးသီးကို ရင့်ကျက်သထက် ရင့်ကျက်ပြီး အသိတရား အရွယ်ရောက်လာအောင် ပွတ်တိုက်ပေးနေတာမျိုးပဲ ဖြစ်ပါတယ်။

mgyoe.com SAMPLE BOOK

အစဉ်အလာအရ ခေါက်ရိုးကျိုးနေတဲ့ တုံ့ပြန်အဖြေတွေက သူတို့သိလိုစိတ် ပြင်းပြလွန်းတဲ့ ခေတ်မေးခွန်းတွေကို လုံလုံလောက်လောက် မလှမ်းကိုင်မိတော့တဲ့အခါ သူတို့ရဲ့ အသိတရားယုတ္တိနဲ့ အံမဝင်တော့ဘဲ လူငယ်တွေကို ဘာသာရေးအသိတရား အနာတရ ရစေပါတယ်။ လူငယ်တွေ စဉ်းစားကြတာက ဘာသာရေးနဲ့သက်ဆိုင်တဲ့ အဖြေတွေဟာ လူမှုအသိတရားကို ဘယ်လောက်အထိ ပွတ်တိုက်နိုင်ပြီး အသိဉာဏ်ကို ဘယ်လောက်ဖြစ်ထွန်းစေသလဲဆိုတဲ့ အချက်အပြင် ယနေ့ အေအိုင်ခေတ် ၂၁ ရာစု လူ့အဖွဲ့အစည်းရဲ့ ကိုယ်ကျင့်တရားဆိုင်ရာ အတွေးအခေါ်နဲ့ သဟဇာတ ညီညွတ်နေ သလားဆိုတဲ့ အတွေးတွေကိုပါ တစ်ပါတည်း ဆုပ်ကိုင်ထားတာမျိုးတွေ့ရပါတယ်။

လူငယ်တစ်ဦးရဲ့မေးခွန်း ဥပမာလေးတစ်ခုပေးပါ့မယ် (ဒီမေးခွန်းက ကိုနိုင်ထူး အောင်မေးခွန်းပါ)။ ''ဝေဿန္တရာဇာတ်တော်မှာလာတဲ့ ဝေဿန္တရာမင်းကြီးက သားသမီး လှူတယ်ဆိုတဲ့အရာမှာ သားသမီးဆိုတာ မိဘပိုင်ပစ္စည်းဖြစ်သလားဆိုတာရယ်၊ နောက်ပြီး သားသမီးလှူဒါန်းတယ်ဆိုတာ ကလေးသူငယ်အခွင့်အရေးကို ချိုးဖောက်ရာရောက် သလား''ဆိုတဲ့ မေးခွန်းကိုမေးတာပါ။ မေးခွန်းမှာ ယနေ့ခေတ်လူ့အဖွဲ့အစည်းက ပြောနေတဲ့ ကလေးသူငယ်အခွင့်အရေးဆိုတဲ့ ဝေါဟာရကို ဝေဿန္တရာဇာတ်တော်နဲ့ ဆင်ခြင်စဉ်းစားမေးခွန်းထုတ်တာကို တွေ့ရမှာဖြစ်ပါတယ်။

(စကားချပ် ။ ။ ဒီမေးခွန်းကို ကျွန်တော် ဆောင်းပါးတစ်ပုဒ်နဲ့ ဆွေးနွေးခဲ့ပြီးပြီ။ ဒီစာအုပ်နဲ့မသက်ဆိုင်သေးတဲ့အတွက် ချန်လှပ်ခဲ့တာ ဖြစ်ပါတယ်။ အခွင့်ကြုံလို့ ဖော်ပြခွင့်ရရင် ဖော်ပြပါ့မယ်)။

ဒီမေးခွန်းကိုဖြေရရင် ကလေးသူငယ်အခွင့်အရေးကို မစဉ်းစားကြည့်ဘဲနဲ့ ဗုဒ္ဓ ဟောကြားခဲ့တဲ့ တရားတော်အထိုင်ကို အဓိပ္ပာယ်ပေး အနက်ဖွင့်ရမှာဖြစ်တဲ့အတွက် ကိုယ့်အယူအဆ အခြေမခိုင်ရင်၊ အယူအဆက အပေါ်ယံသိပ်ဆန်သွားရင်၊ လက်လှမ်း မမီနိုင်တဲ့ ဝေါဟာရနဲ့ ဝေးကွာလွန်းရင်၊ ယုတ္တိယုတ္တာမဲ့သွားရင် တရားတော်ရဲ့ တန်ဖိုးကိုပါ တိုက်ရိုက်လွဲမှားတဲ့ အမှားအဓိပ္ပာယ်သက်ရောက်စေနိုင်တဲ့အတွက် အန္တရာယ်များလှ ပါတယ်။ ဒီမေးခွန်းကိုဖြေကြားတဲ့အခါ တန်ဖိုးက တစ်ဦးနဲ့တစ်ဦး ကွဲပြားတဲ့အမြင် ရှိကြတာ တွေ့ရပါတယ်။ ဘာကြောင့် ကွဲပြားသလဲဆိုရင် အသိတရားအမြင်တွေက တစ်ဦးနဲ့တစ်ဦး တန်ဖိုးခံယူပုံချင်း မတူညီကြလို့ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီစာအုပ်ရေးရတဲ့ စိတ်တွန်းအားက လူငယ်တွေနဲ့ ဗုဒ္ဓတရားတော်ကြားထဲမှာရှိတဲ့ အမြင်အဟအပြဲတွေကို စပ်ဟပ်ထောက်ဆကြည့်ဖို့ဆိုရင် ဗုဒ္ဓရဲ့အသိပညာရယူမှုသမိုင်းကြောင်းကို ဆမိဖို့နဲ့ ဗုဒ္ဓကို အရင်နားလည်ကြည့်ဖို့ လိုအပ်လာတယ်ဆိုတဲ့ အချက်ပါပဲ။ အဲဒီကနေတစ်ဆင့် အရာရာကို ဘယ်လိုတွေးခေါ်မြော်မြင်ခဲ့သလဲဆိုတာကို မိတ်ဆက်ပေးဖို့ တာဝန်တစ်ရပ်အဖြစ် ယူဆမိလို့ ဖြစ်ပါတယ်။

စာအုပ်အကြောင်း ဆက်ပြောပါ့မယ်။ အတွေးအခေါ်ပညာရှင်တွေအကြောင်းကို လေ့လာရတိုင်း ဒီနေရာမှာဆိုရင် ဗုဒ္ဓအနေနဲ့ ဘယ်လိုတွေးမြင်ခဲ့သလဲ၊ ဘယ်လိုနည်းစနစ်ပေါ်ကနေ တွေးခေါ်စဉ်းစားခဲ့သလဲဆိုတာကို ပိဋကတ်တော်ကနေ ထုတ်နုတ်ဆင်ခြင်ရတာ ဖြစ်ပါတယ်။ အဲဒီဆင်ခြင်မှုကနေ ထပ်ဆင့်ပြီး ဗုဒ္ဓရဲ့ သဘောထားအမြင်တွေကို လူ့အဖွဲ့အစည်းထံမှောက်ရောက်အောင် ဘယ်လိုနည်းလမ်းနဲ့ ဝေမျှခဲ့သလဲဆိုတာကိုပါ ဆင်ခြင်မိပါတယ်။

ဗုဒ္ဓကိုယ်တော်တိုင်အသုံးပြုခဲ့တဲ့ တရားမျှဝေမှုနည်းစနစ်ဟာ လူတန်းစားအသီးသီး၊ အသက်အရွယ်အမျိုးမျိုး၊ ကျားမသဘာဝအသွယ်သွယ်၊ အယူဝါဒသမားအဖုံဖုံတို့နဲ့ လိုက်လျောညီထွေပြီး ကြင်လင်ပီမြတဲ့ ဝေါဟာရအနက်အဓိပ္ပာယ်တွေနဲ့ ရှင်းလင်းတုံ့ပြန်ခဲ့တာပဲ ဖြစ်ပါတယ်။ 'ကိုးကွယ်ယုံကြည်မှုလွတ်လပ်ခွင့်'ဆိုတာကို အကြောင်းပြပြီး လူ့အဖွဲ့အစည်းရဲ့ အသိဉာဏ်လွတ်လပ်ခွင့်ကို ခြိမ်းခြောက်နေတဲ့လုပ်ရပ်ဆိုရင် 'အသိဉာဏ်လွတ်လပ်ခွင့်ကို ဘာသာရေးအရ လုပ်ကြံတဲ့ရာဇဝတ်မှု'တစ်မျိုးပါပဲ။ ဗုဒ္ဓက လူ့အသိဉာဏ်ကို အကြောက်တရားတွေနဲ့ သွတ်သွင်းခေါင်းပုံဖြတ်တတ်တဲ့ ဘာသာရေးတွေနဲ့ ဘာသာရေးအကြောင်းပြပြီး အသိဉာဏ်လွတ်လပ်ခွင့်ကို ဘာသာရေးနဲ့ အသိဉာဏ်တုံးသတ်ဖြတ်လုပ်ကြံမှု (Religicide) ဖြစ်တဲ့ ရာဇဝတ်မြောက်မှုတွေကို အနတ္တအမြင်နဲ့ သုတ်သင်ရှင်းလင်းခဲ့တာ ဖြစ်ပါတယ်။ ဆိုချင်တာက လူတွေရဲ့ မွေးရာပါလူ့အသိဉာဏ်ကို ဘာသာတရားကနေ ချုပ်ကိုင်ဆုံးဖြတ်တယ်ဆိုတဲ့ အယူအဆဟာ အသိဉာဏ်တုံးသတ်ဖြတ်မှုမြောက်မှု တစ်ခုအဖြစ်တောင် ယူဆနိုင်ပါတယ်။ ဘာသာရေးလွတ်လပ်မှုအကြောင်းပြပြီး လူသားတွေရဲ့အသိဉာဏ်အပေါ် အနိုင်အထက်ပြုကျင့်တာက လူသားတွေအပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုမြောက်မှုတစ်မျိုး ဖြစ်တယ်ဆိုတာကိုလဲ ထည့်သွင်းစဉ်းစားဖို့ကောင်းပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဘာသာရေးအကြောင်းပြတဲ့ အသိပညာအကြမ်းဖက်မှုတွေ (Religious Terror) ဆိုတာ လူ့အဖွဲ့အစည်းရဲ့ လွတ်လပ်စွာစဉ်းစားမှုကို အန္တရာယ်ပေး ခြိမ်းခြောက်နေတဲ့ မြေမြှုပ်မိုင်းတစ်လုံးနဲ့ တူပါတယ်။ ဒီစာအုပ်ဟာ အသိဉာဏ်လွတ်လပ်ခွင့်ကို ဗုဒ္ဓ တိုက်ယူခဲ့တဲ့အခါ ဂိုဏ်းဂဏအသီးသီးတွေကိုယ်တိုင် စွဲစွဲလမ်းလမ်းဆုပ်ကိုင်ထားတဲ့ အယူဝါဒအသီးသီးတွေအပေါ်မှာ ဗုဒ္ဓ ဘယ်လိုရှုထောင့်တွေနဲ့ ရင်ဆိုင်ဖြေရှင်းခဲ့သလဲ ဆိုတာကို မြည်းစမ်းလေ့လာနိုင်အောင် မိတ်ဆက်ပေးထားတာ ဖြစ်ပါတယ်။

ဒီစာအုပ်ဟာ အသိပညာဆာလောင်နေတဲ့ လူငယ်အဖွဲ့အစည်းကြားထဲမှာ ဗုဒ္ဓ ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲဆိုတာ အသိပညာရပ်တည်မှုကနေ ၂၁ ရာစု လူငယ်တွေ သိနိုင် မြင်နိုင်တဲ့ ခေတ်ဘာသာစကားနဲ့ ဗုဒ္ဓရဲ့အယူအဆကို ရိုးရိုးရှင်းရှင်း အဓိပ္ပာယ်ဖွင့် မိတ်ဆက်ပေးထားခြင်း ဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းအတွက် ဗုဒ္ဓတည်ဆောက်ပေးခဲ့တဲ့ အသိဉာဏ်သဘောကို မိတ်ဆက်တင်ပြပေးခြင်း ဖြစ်ပါတယ်။

အသိတရားမွတ်သိပ်နေတဲ့ လူငယ်တွေအနေနဲ့ မေးခွန်းကို မတည်ဆောက်ခင်မှာ ဗုဒ္ဓဘယ်လိုစဉ်းစားတွေးခေါ်သလဲဆိုတာကို အရင်ဆထားမိရင် တချို့မေးခွန်းတွေက မိမိအသိဉာဏ်မှာ ပိုင်းခြားဆင်ခြင်ပြေလည်သွားပြီးရင် နောက်ထပ်အခြေမြင့်ကျကျ ပိုင်းခြားဝေဖန်တတ်တဲ့မေးခွန်း (Critical Questions) မျိုးတွေ ဆက်လက်ဖွံ့ဖြိုးအောင် တွန်းအားဖြစ်ဖို့ ရည်ရွယ်ရင်းဖြစ်ပါတယ်။

ဒီစာအုပ်ဟာ လူငယ်တွေမေးခဲ့ဖူးတဲ့ မေးခွန်းတွေကို စဉ်းစားမိသလောက် လေးလေးစားစား ဆွေးနွေးခဲ့တာတွေကို တင်ပြထားတာတွေပဲ ဖြစ်ပါတယ်။ လူမှုအသိတရားအားကောင်းတဲ့ မေးခွန်းတွေဆိုတာ လူ့အဖွဲ့အစည်းရဲ့ အသိဉာဏ်လွတ်လပ်ခွင့်ကို ကောင်းကောင်း အလင်းတောက်ပေးနိုင်တဲ့ လောင်စာပါပဲ။ ဒီစာအုပ်ဟာ အဲဒီအသိဉာဏ် အလင်းတောက်တွေကိုတည်ဆောက်ဖို့ အခွင့်အရေးပေးခဲ့တဲ့ လူငယ်တွေရဲ့ မေးခွန်းတွေကို လူသားတစ်ဦးအနေနဲ့ တာဝန်သိသိ ကျေးဇူးဆပ်ခွင့်ကို ရယူခဲ့တာပဲ ဖြစ်ပါတယ်။

**ဒေါက်တာအာကာမိုးသူ**

ပါမောက္ခ

အရှေ့တိုင်းပညာဌာန

mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

ယနေ့ခေတ် သံယာ့အဖွဲ့အစည်းတစ်ရပ်သက်သေအဖြစ် ရှင်သန်ကျန်ရစ်ခဲ့တာ တောင်မှ အနောက်တိုင်းသားတွေရဲ့ မျက်လုံးထဲမှာ ဗုဒ္ဓဆိုတာ ဒဏ္ဍာရီလို့သာ ရှုမြင်ခဲ့ကြဖူး ပါတယ်။ အနောက်တိုင်းက ဘာသာစကားဗေဒပညာရှင် ဆာဝီလီယံဂျုံး (Sir William Jones)[၁] က ဘာသာဗေဒပညာရပ်နဲ့ အိန္ဒိယကို အနောက်နိုင်ငံ အသိုင်းအဝန်းထဲ မိတ်ဆက်ပေးခဲ့ပါတယ်။ အဲဒီနောက်မှာ အိန္ဒိယမှာရှိတဲ့ ဘာသာအယူဝါဒ၊ ယဉ်ကျေးမှု၊ ဂီတအက အနုပညာ၊ အတတ်ပညာနဲ့ ဘာသာဗေဒတွေကို တစ်ဆင့်ချင်းလေ့လာပြီးတဲ့ နောက်မှာ အံ့သြစရာကောင်းလှတဲ့ အိန္ဒိယစိတ်ဝိညာဉ်ကို ခံစားထိတွေ့ခဲ့ကြရတယ်လို့ ဆိုရပါမယ်။

သမိုင်းကြောင်းတန်ဖိုးမြင့်မားမှုနဲ့ အိန္ဒိယရှေးဟောင်းယဉ်ကျေးမှုကို ဖော်ထုတ်ခဲ့ ပြီးနောက် ၁၉ ရာစုလောက်မှသာ အိန္ဒိယရဲ့ တည်ရှိတဲ့တန်ဖိုးကို လူရာစသွင်းဖို့ စဉ်းစား ခဲ့ကြပါတယ်။ အိန္ဒိယရဲ့ ဘာသာရေးအယူဝါဒ အတွေးအခေါ်တွေနဲ့ ဘာသာဗေဒဆိုင်ရာ အတွေးအခေါ်တွေက အိန္ဒိယလူမှုရေးသဘာဝမှာ အဆင့်အတန်းရှိရှိ များစွာဖွံ့ဖြိုးနေနှင့်ပြီး ဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။

အိန္ဒိယကို အပိုင်းနှစ်ပိုင်းနဲ့ ခွဲကြည့်ရင် တစ်ပိုင်းက အားကိုးအမှီရှာ ကိုးကွယ် ယုံကြည်မှုနဲ့ လွတ်လပ်ပြီး အမှီအခိုကင်းမဲ့ခြင်းကိုယုံကြည်မှုဆိုပြီး လက္ခဏာနှစ်ရပ် ပေါ်ထွန်းခဲ့ပါတယ်။ အမှီအခိုခံခေတ်က ဝေဒအယူအဆအားကောင်းတဲ့ အနုသယဝိကာခေါ် အစဉ်အလာသမားတွေ ထွန်းကားခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ နောက်တစ်ဆင့်က တက္ကီလို့ ခေါ်တဲ့ အစဉ်အလာကို ဖောက်ထွက်ပုန်စားသူတွေရဲ့ခေတ် ဖြစ်ပါတယ်။

---

[၁] Sir William Jones (28th September 1746 - 27th April 1794) ဗြိတိန်လူမျိုး၊ ဘာသာစကားဗေဒပညာရှင်၊ ရှေးဟောင်းအိန္ဒိယပညာရှင်တစ်ဦး ဖြစ်ပါတယ်။ ဘင်္ဂလားပြည်၊ ဖော့တ်ဝီလျံမှာရှိတဲ့ တရားရုံးချုပ်က တရားသူကြီးတစ်ဦးလဲ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဝေဒအခြေခံဘာသာရေးဟာ လူတန်းစားခွဲခြားမှုအမြင်နဲ့ သဘာဝတရားတွေမှာ နတ်ဘုရားဒေဝတာရှိတယ်ဆိုတဲ့ Pantheism ကိုးကွယ်မှုထွန်းကားပြီး ဘုရားကိုးကွယ်မှု အယူအဆဖြစ်တဲ့ ဖန်ဆင်းရှင်ဘုရားတစ်ပါးတည်းကို ယုံကြည်တဲ့ဝါဒ Monotheism နဲ့ ဘုရားအများကြီးကိုကိုးကွယ်တဲ့ဝါဒ Polytheism တွေ ထွန်းကားတဲ့ကာလ ဖြစ်ပါတယ်။ ဗုဒ္ဓခေတ်မှာ အသိပညာအယူအဆနဲ့ ဘာသာရေးအယူအဆလွတ်လပ်ခွင့် ထွန်းကားတဲ့ ကာလဖြစ်တာကြောင့် ဝေဒအစဉ်အလာတွေကို တော်လှန်ဆန့်ကျင်တဲ့ 'တက္ကီ'လို့ခေါ်တဲ့ သမဏဂိုဏ်းတွေ ထွန်းကားထင်ရှားလာပါတယ်။ အာဇီဝကတွေ၊ တက္ကဒ္ဒန်းတွေ၊ ပရိဗိုဇ်တွေ၊ နိဂဏ္ဌိတွေ၊ ဆံကျစ်ထုံးရသေ့တွေဟာ သမဏဂိုဏ်းအုပ်စုဝင်တွေဖြစ်ပြီး တက္ကီသမားတွေ ဖြစ်ကြပါတယ်။ အစဉ်အလာသမား အနုသာသဝိကာ (Orthodox) နဲ့ အစဉ်အလာကို ပုန်ကန်သူ တက္ကီ (Heterodox) တွေရဲ့ အယူအဆ ဘာတွေကွာခြားကြ သလဲ။ ဝေဒအစဉ်အလာကနေလာတဲ့ နတ်ဒေဝတာတွေနဲ့ ငြိမ်းခြောက် အကျပ်ကိုင် သွတ်သွင်းတဲ့အယူအဆကို တက္ကီတွေက ဗုဒ္ဓခေတ်မှာ အမြင်အယူအဆ ဆန့်ကျင်လမ်းခွဲ ခဲ့တာ ဖြစ်ပါတယ်။

တက္ကီတွေက ဘာတွေတွေးသလဲဆိုရင် နတ်ဒေဝတာကိုးကွယ်မှု အမှီခိုခံဘဝကို စွန့်ပယ်လိုက်ကြပြီး အမိန့်အခိုင်းမဲ့တဲ့ လွတ်လပ်မှုကနေ မိမိတို့ရဲ့ တည်ရှိနေတဲ့ဘဝကို ဖွင့်ဖောက်တွေးခေါ်ယူဆခဲ့ကြပါတယ်။ သမဏဂိုဏ်း တက္ကီသမားတွေက လောက၊ သတ္တ၊ ဇီဝ၊ အတ္တ၊ သရီရ၊ တထာဂတဆိုတဲ့အရာကို စတင်တွေးခေါ်ခဲ့ကြပါတယ်။ ဒီအတွေး အခေါ်ဟာ အမိန့်အခိုင်းတဲ့ လွတ်လပ်မှုကနေ ဖွံ့ဖြိုးလာတာ ဖြစ်ပါတယ်။

ဒီအချက်က အိန္ဒိယရဲ့ အသိပညာအဆင့်အတန်းတစ်ခု အချိုးအကွေ့တစ်ခု ဆိုတာ လုံလောက်ပါတယ်။ အစဉ်အလာကိုဖောက်ထွက်ပုန်စားခဲ့တဲ့ တက္ကီတွေဟာ ဖန်ဆင်းခံရမှုအစား သေခြင်းတရားဆိုတာကို တွေးခေါ်လာတယ်။ လူတွေရဲ့ ဘဝတည်ရှိ ခြင်းကို နတ်ဒေဝတာက ဆုံးဖြတ်တယ်ဆိုတဲ့ အယူအဆထက် သေဆုံးပြီးရင် နောက်ဘဝ ဆိုတာ တကယ် ရှိ၊ မရှိဆိုတာကို တွေးခေါ်လာကြတယ်။ လောကကြီးသဘာဝကို စူးစမ်းတွေးခေါ်လာကြတယ်။ အသက်ဇီဝဆိုတာ ဘာလဲဆိုတာကို ဆင်ခြင် မေးခွန်းထုတ်ခဲ့ ကြပါတယ်။ တက္ကီတွေရဲ့ ဒီအတွေးအခေါ်တွေဟာ ဖန်ဆင်းခံရတယ်ဆိုတဲ့ ဝေဒကျမ်းလာ အယူအဆကို တိတိပပ ပုန်ကန်ခြားနားလိုက်တာပဲ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဝေဒဘာသာတရားကနေ နတ်ဒေဝတာတွေနဲ့ အမှောင်ချထားတဲ့ အကြောက်တရား သွတ်သွင်းမှုတွေကို တက္ကီတွေက အသိပညာလွတ်လပ်မှုနဲ့ တိုက်ပွဲဝင်ခဲ့တာဖြစ်ပါတယ်။ အဲဒီလို ကိုယ်ပိုင်လွတ်လပ်ခွင့်အသိတရား ဆာလောင်နေချိန်မှာ ဗုဒ္ဓပေါ်ထွန်းခဲ့တာ ဖြစ်ပါတယ်။ ဗုဒ္ဓက အစဉ်အလာသမား အနုဿဝိကာအမြင်ကို 'ကာမသုခလ္လိကနုယောဂအကျင့်'လို့ သတ်မှတ်ခဲ့ပြီး အစဉ်အလာကို ပုန်စားသူတက္ကီသမဏအမြင်ကို 'အတ္တကိလာမထာနုယောဂအကျင့်'လို့ ဓမ္မစက္ကပဝတ္တန (ဓမ္မစကြာ) သုတ်မှာ အမည်ပေးခဲ့ပါတယ်။

အစဉ်အလာသမား အနုဿဝိကာအမြင်ကလဲ အစွန်းတရားတစ်ခုဖြစ်သလို အစဉ်အလာကိုပုန်စားသူ တက္ကီသမဏအမြင်ကလဲ အစွန်းတရားတစ်ခုဆိုတာကို အနတ္တလက္ခဏာလို့ခေါ်တဲ့ လွတ်မြောက်မှုအယူအဆစာတမ်းနဲ့ အလယ်လတ်လမ်းစဉ် မဇ္ဈိမပဋိပဒါကို စတင်ကြေညာခဲ့ပါတယ်။ ဗုဒ္ဓက အနုဿဝိကာဆိုတာ စွဲလမ်းမှုအစွန်းပဲ၊ တက္ကီဆိုတာလဲ တခြားတစ်ဖက်ရဲ့ စွဲလမ်းမှုအစွန်းပဲ။ အဲဒီစွဲလမ်းမှုက လွတ်မြောက်မှုအစစ်မဟုတ်ဘူး၊ လှည့်စားထားတဲ့ အတုအယောင် ရွှေရည်စိမ်လွတ်လပ်မှုမျိုးသာဖြစ်တယ်လို့ ထောက်ပြခဲ့ပါတယ်။ အဲဒီအလယ်အလတ်လမ်းစဉ် မဇ္ဈိမပဋိပဒါဆိုတဲ့ အတွေးအခေါ်ဟာ အစဉ်အလာသမား အနုဿဝိကာ အယူအဆနဲ့ အစဉ်အလာကို ပုန်ကန်သူ တက္ကီတို့ရဲ့ အယူအဆနှစ်မျိုးလုံးနဲ့ စစ်ခင်းဖို့ ဖိတ်ခေါ်လိုက်တဲ့ တိုက်ပွဲခရာသံပါပဲ။ အစဉ်အလာကိုပုန်ကန်သူ တက္ကီတွေအနေနဲ့ အစဉ်အလာသမား အနုဿဝိကာဆိုတဲ့ စစ်မျက်နှာတစ်ဖက်ကိုသာ ရင်ဆိုင်ခဲ့ကြရသူပါ။ ဗုဒ္ဓက အစဉ်အလာကိုပုန်ကန်သူ တက္ကီတွေအပြင် အစဉ်အလာသမား အနုဿဝိကာဆိုတဲ့ စစ်မျက်နှာနှစ်ဖက်လုံးနဲ့ ရင်ဆိုင်ခဲ့ရသူဆိုတာ ပိဋကတ်တော်တွေမှာ တွေ့နိုင်ပါတယ်။

ဗုဒ္ဓရဲ့ ဓမ္မစကြာသုတ်လာ သစ္စာလေးပါး အတွေးအခေါ်နဲ့ အနတ္တလက္ခဏာ ကြေညာချက်စာတမ်းဟာ အတ္တ (အာတ္မာန်) [၁] ဆိုတာကိုပဲ ဗဟိုပြုစဉ်းစားနေတဲ့ အိန္ဒိယရဲ့

---

[၁] အတ္တသည် သက္ကတဝေါဟာရ "အာတ္မာန်" (Âtmân) မှ ဆင်းသက်လာသော ဝေါဟာရဖြစ်ပါသည်။ အာတ္မာန်သည် "အတ်"ဓာတ်နှင့် "မနိဏ်"ပစ္စည်းတို့ဖြင့် ဖွဲ့စည်းထားသောပုဒ်ဖြစ်သည်။ အနက်အားဖြင့် လှုပ်ရှားတတ်သောသဘော၊ ရရှိလာအောင် ဆောင်ရွက်တတ်သောသဘောဖြစ်သည်။ ပါဠိဝေါဟာရအားဖြင့် "အတ်"ဓာတ်နှင့် "တ"ပစ္စည်းဖြင့် ဖွဲ့စည်းထားသောပုဒ်ဖြစ်သည်။ အနက်အားဖြင့် အာဟာရကို မှီဝဲတတ်သောသဘောဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ထပ်အသိပညာတံခါးတစ်ချပ် ထပ်ဖွင့်ဖို့ လှုပ်နှိုးလိုက်တာ ဖြစ်ပါတယ်။ ဗုဒ္ဓက အန္တရာယ်များတဲ့ အတွေးအခေါ် စစ်မျက်နှာနှစ်ခုကိုဖွင့်ပြီး စစ်ခင်းလိုက်တဲ့ အချိန်မှာ သမဏနဲ့ ဗြာဟ္မဏတွေရဲ့ တစ်ချိန်လုံးရှာဖွေနေခဲ့တဲ့ အသိပညာတန်ဖိုးတစ်ခုကို အဆင့်မြင့်မြင့် ကိုင်တွယ်ဖော်ထုတ်ပြခဲ့တာ ဖြစ်ပါတယ်။

ဗုဒ္ဓအသိဉာဏ်အလင်းပွင့်ချိန် အသက်ဟာ ၃၅ နှစ်သားအရွယ်သာရှိသေးတဲ့ အတွက် နှစ်ပေါင်းများစွာ အသိပညာ၊ အတွေးအကြံတွေနဲ့ ပွန်းတီးနေတဲ့ သမဏ၊ ဗြာဟ္မဏတွေအဖို့ မက်လောက်စရာအတွေးအခေါ် မရှိနိုင်ဘူးလို့ပဲ ယူဆခဲ့ကြပါတယ်၊ ဗုဒ္ဓရဲ့ အိန္ဒိယမှာ အမြစ်တွယ်နေတဲ့ အယူအဆနှစ်ခုကို စတင်တော်လှန်လိုက်တယ်ဆိုတဲ့ အယူအဆဟာ ထွန်းကားပျံ့နှံ့လာတဲ့အခါ ဗြာဟ္မဏဝါဒနဲ့ သမဏဝါဒတွေအတွက် ဝါဒရေးရာအန္တရာယ်ရှိသူစာရင်းထဲ ထည့်သွင်းခဲ့တာကိုလဲ တွေ့ရပြန်ပါတယ်။

အစဉ်အလာကိုပုန်စားသူ တက္ကီခေါ် သမဏနဲ့ အစဉ်အလာကို ဆုပ်ကိုင်သူ အနုဿဝိကာခေါ် ဗြာဟ္မဏတွေက သတ္တလောက (သက်ရှိဖြစ်တည်မှု) နဲ့ သြကာသလောက (သက်ရှိသက်မဲ့တည်ရာ ပတ်ဝန်းကျင်ဖြစ်တည်မှု) နှစ်ခုကနေ ဗုဒ္ဓကို မေးခွန်းထုတ်ကြပါတယ်။ ဗုဒ္ဓက သင်္ခါရလောက (ခန္ဓာငါးပါးအမြင်) အမြင်ကနေ ပြဿနာရဲ့ အဖြေကို ပေးခဲ့ပါတယ်။ ခန္ဓာငါးပါးအမြင် သင်္ခါရလောကဆိုတာ ဗုဒ္ဓစတင်တွေ့ရှိခဲ့တဲ့ လူ့သဘာဝတရား အတွေးအခေါ်ဖြစ်ပါတယ်။ လူ့သဘာဝတရားကို စိတ်၊ စေတသိက်၊ ရုပ်ဆိုပြီး ပရမတ္ထသစ္စာအမြင် အစစ်အမှန်တရားနဲ့ သမုတိသစ္စာအမြင်ကို ပယ်ခွာပေးပါတယ်။ တက္ကီနဲ့ အနုဿဝိကာတွေက ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဆိုတဲ့ ကိလေသာ အထိုင်ကမေးရင် ဗုဒ္ဓက သင်္ခါရလောကဖြစ်တဲ့ ခန္ဓာငါးပါးအယူအဆကနေ အနတ္တအမြင်နဲ့ ထင်ရှားစေခဲ့တာဖြစ်ပါတယ်။ အနောက်တိုင်းသား အတွေးအခေါ်ပညာရှင် ဘယ်လိုတွေးခေါ်နေချိန်မှာ အရှေ့တိုင်းသားဗုဒ္ဓက ဘယ်အချက်တွေကိုတွေးပြီး အိန္ဒိယ လူ့အဖွဲ့အစည်းထဲ ရှင်သန်ခဲ့သလဲဆိုတာကို မြင်ကြည့်စေလိုပါတယ်။

ဆိုကရေတီးက အုပ်ချုပ်သူတွေနဲ့ လွတ်လပ်စွာပြောဆိုခွင့်ဆိုတဲ့ အယူအဆရေးရာ စစ်ခင်းနေချိန်မှာ ဗုဒ္ဓက အစဉ်အလာဆုပ်ကိုင်သူ အတွေးအခေါ်သမား အနုဿဝိကာနဲ့ အစဉ်အလာပုန်စားသူ တက္ကီတွေကို အတွေးအခေါ်အယူအဆမှာ အောင်ပွဲခံခဲ့ပြီး ဖြစ်ပါတယ်။ ပလေတိုက လူတန်းစားခွဲခြားတဲ့အမြင်ကို အုပ်ချုပ်သူရှုထောင့်ကနေ

mgyoe.com

mgyoe.com SAMPLE BOOK

သွတ်သွင်းဖို့ကြိုးစားနေခဲ့တဲ့အချိန်မှာ ဗုဒ္ဓက သံဃာ့အဖွဲ့အစည်းတစ်ရပ်ကို အောင်မြင်အောင်ထူထောင်ပြီး လူတန်းစားအမြင်ကို တော်လှန်ခဲ့ပြီးချိန် ဖြစ်နေပါတယ်။

၂၀ ရာစုမှာ အနောက်တိုင်း စိတ်သရုပ်ခွဲသိပ္ပံလောကမှာ ဒုက္ခသစ္စာဆိုတာကို ဆင်ဂမန်ဖရိုက် သုတေသနပြုသက်သေအထောက်အထား ရှာနေချိန်မှာ ဗုဒ္ဓရဲ့ ဝိပဿနာသုတေသန စမ်းသပ်ခန်းကနေ သစ္စာလေးပါးအမြင် သုတေသနစာတမ်းကို ထုတ်ဖော်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ ဗုဒ္ဓရဲ့ ခေတ်မီလတ်ဆတ် သစ်လွင်တဲ့အမြင်တွေဟာ လူ့အဖွဲ့အစည်း အသက်ရှင်နေသမျှကာလပတ်လုံး ရှာဖွေနေတဲ့ အဖြေပဲဆိုတာပါပဲ။

အယူအဆ အစွဲအလမ်းစိတ်ကြီးလွန်းတဲ့ ကိလေသာဓားတုံးကြီးတွေနဲ့ ခုတ်နေသမျှ အသိပညာနဲ့ ကိုးကွယ်မှုဟာ သိသိသာသာ ကွဲကွဲပြားပြား ပြတ်ထွက်သွားဖို့ဆိုတာ မလွယ်ကူလှပါဘူး။ အသိတရားဆိုတာ တစ်သက်လုံး အမှန်တရားအဖြစ် ဆုပ်ကိုင်ထားတဲ့ အယူအဆဟောင်းတွေကို ခဏစွန့်ပယ်ပြီး ဆင်ခြင်စဉ်းစားသုံးသပ်မှုကို ခက်ခက်ခဲခဲ စွန့်စွန့်စားစား လုပ်ရတာမျိုး ဖြစ်ပါတယ်။ အယူအဆရေးရာ အစွဲအလမ်းအားကြီးလွန်းတဲ့ ဒိဋ္ဌိဖြစ်နေသမျှ အယူအဆ ကိလေသာကို သတ်ဖြတ်စွန့်ပယ်ဖို့ ခက်ပါတယ်။ အယူအဆ အစွဲအလမ်းတစ်ခုကို မလွှတ်ချသေးသရွေ့ အသိတရားအသစ်ကို ဆာလောင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

ဗုဒ္ဓက အသိတရားအသစ်ဆိုတာ လူတိုင်း ရယူခွင့်ရှိတဲ့ အသိတရားတန်ဖိုးဆိုတာကို ထုတ်ဖော်ခဲ့သလို လူသားတိုင်းနဲ့ ထိုက်တန်တဲ့ အခွင့်အရေးဆိုတာကို ထုတ်ပြောခဲ့ပါတယ်။ လူသားသမိုင်းရဲ့ အတွေးအခေါ် လွတ်လပ်မှုကနေ ရလာတဲ့ ဗုဒ္ဓရဲ့ အသိဉာဏ်တန်ဖိုးကို လတ်ဆတ်ရဲရင့်ပုန်စားတတ်တဲ့ လူငယ်တွေလက်ထဲကို မထည့်မိရင် အသိပညာသမိုင်းကြောင်းအရ အာပတ်သင့်နိုင်တယ်မဟုတ်လား ခင်ဗျာ။

mgyoe.com

mgyoe.com SAMPLE BOOK

အနောက်တိုင်းမျက်လုံးနဲ့ကြည့်ရင် ဗုဒ္ဓရဲ့တည်ရှိမှုတွေက သိပ်အံ့သြစရာကောင်းတဲ့ အဝိပ္ပာယ်တွေရှိနေပြီး ဗုဒ္ဓအယူအဆကနေ အနောက်တိုင်းကို ပြန်ကြည့်တဲ့အခါ အနောက်တိုင်းရဲ့တည်ရှိမှုဟာ အစစ်အမှန်အနေနဲ့ တည်ရှိမနေဘူးဆိုတာ တွေ့ရပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

# ဗုဒ္ဓရဲ့ အစိပ္ပာယ်ကို ဖွင့်ဖောက်ကြည့်ခြင်း

စီးပွားရေးရှုထောင့်ကနေကြည့်ရင် ပုရွက်ဆိတ်လေးတွေနဲ့တူတဲ့ စီးပွားရေးသမားတွေကတော့ ဗုဒ္ဓကို သကြားခဲလို့ပဲ တွေးမြင်ကြမှာပါ။

အုပ်ချုပ်ရေးရှုထောင့်ကနေကြည့်ရင် စစ်မက်ရေးရာတွေနဲ့ ဆာလောင်နေတဲ့ဘုရင်တွေအတွက်တော့ ဗုဒ္ဓကို လူမှုရေးတံတိုင်းလို့ပဲ ရှုမြင်ကြမှာပါပဲ။

အတွေးအခေါ်တော်လှန်ရေးရှုထောင့်ကနေကြည့်ရင် သဘာဝတရားအားလုံးမှာနတ်ဘုရားတွေအဖြစ်ကိုးကွယ်တဲ့ဝါဒ (Pantheism) နဲ့ အသားကျနေတဲ့ ဝေဒကျမ်းအစဉ်အလာ (Orthodox) ကို ဗုဒ္ဓက ဆန့်ကျင်လမ်းခွဲခဲ့သူအဖြစ် ရှုမြင်ထားကြပါတယ်။ ဘဝဖြစ်တည်မှု အယူအဆဟောင်းတွေနဲ့ ခြောက်သွေ့နေတဲ့လောကကို အဓိပ္ပာယ်အသစ်တွေကို ဆောင်ကြဉ်းရှင်သန်စေခဲ့သူ၊ အဝိဇ္ဇာအယူအဆ ထောင်ချောက်တွေနဲ့ သိမ်းသွင်းခံထားရတဲ့ အိန္ဒိယလူ့အဖွဲ့အစည်းကို အနီးကပ်လှုပ်နှိုးပေးခဲ့သူဖြစ်ပါတယ်။

ဆာလောင်မှုရန့်တွေနဲ့ လျှို့ဝှက်ပူးပေါင်းလုပ်ကြံတတ်တဲ့ တပ်မက်မှုတဏှာကို သံသရာစက်ဝန်းအတွက် ဖော်ထုတ်ရှင်းလင်းသုတ်သင်ဖို့ နည်းလမ်းပြခဲ့သူလဲ ဖြစ်ပါတယ်။

ဒါဆို –

ဗုဒ္ဓက လူတွေကို ဘယ်လိုရှုမြင်ခဲ့သလဲ။

ဗုဒ္ဓက လူတွေကို ခန္ဓာငါးပါးလို့ပဲရှုမြင်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာရေးသုံးပါးနဲ့ သက္ကာယဒိဋ္ဌိကိုဖယ်ခွာပြီး အနတ္တလို့ပဲ နှလုံးသွင်းနေခဲ့တယ်။

တချို့သောဘာသာရေးဂိုဏ်းဂဏတွေက သတ္တလောကနဲ့ ဩကာသလောကအကြောင်းမေးရင် ဗုဒ္ဓက သင်္ခါရလောကနဲ့ပဲ ပြဿနာကိုဖြေဆိုတယ်။

- တချို့က အကြောက်တရားနဲ့ ဗုဒ္ဓကို ချဉ်းကပ်ကြတယ်။
- တချို့က အမုန်းတရားနဲ့ ဗုဒ္ဓကို ချဉ်းကပ်ကြတယ်။
- တချို့က ချစ်ခြင်းမေတ္တာတရားနဲ့ ဗုဒ္ဓကို ချဉ်းကပ်ကြတယ်။

mgyoe.com

mgyoe.com　SAMPLE BOOK

* တချို့က မိတ်ဆွေအဖြစ် ဗုဒ္ဓကို ချဉ်းကပ်ကြတယ်။
* တချို့က ရန်သူအဖြစ် ဗုဒ္ဓကို ချဉ်းကပ်ကြတယ်။
* တချို့က ဆရာသမားအဖြစ် ကိုးကွယ်ဖို့ ဗုဒ္ဓကို ချဉ်းကပ်ကြတယ်။
* တချို့က ဆုပ်ကိုင်ထားတဲ့ အတွေးအခေါ်နည်းတွေနဲ့ နှိုပ်ကွပ်ဖို့ ဗုဒ္ဓကို ချဉ်းကပ်ကြတယ်။
* တချို့က အခွင့်အရေးအတွက် ဗုဒ္ဓကို ချဉ်းကပ်ကြတယ်။
* တချို့က စူးစမ်းလိုမှုတွေနဲ့ ဗုဒ္ဓကို ချဉ်းကပ်ကြတယ်။

ဘယ်လိုပဲဖြစ်ဖြစ်ပါ့ အဲဒါတွေအားလုံးဟာ ဗုဒ္ဓအတွက် ခန္ဓာငါးပါးထက် မပိုတဲ့ ဆက်ဆံရေးကို သတ္တဝါအားလုံးအပေါ် တန်းတူညီမျှရေးအမြင်ကို ထူထောင်ထားခဲ့တယ်။ အရာရာကို အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ ကာလသုံးပါးလုံးရဲ့အတ္တကို ရှုမြှုက်ပစ်ခဲ့သူ ဖြစ်ပါတယ်။

အနောက်တိုင်းမျက်လုံးနဲ့ကြည့်ရင် ဗုဒ္ဓရဲ့တည်ရှိမှုတွေက သိပ်အံ့သြစရာကောင်းတဲ့ အဓိပ္ပာယ်တွေရှိနေပြီး ဗုဒ္ဓအယူအဆကနေ အနောက်တိုင်းကိုပြန်ကြည့်တဲ့အခါ အနောက်တိုင်းရဲ့ တည်ရှိမှုဟာ အစစ်အမှန်အနေနဲ့ တည်ရှိမနေဘူးဆိုတာ တွေ့ရပါတယ်။

ဆိုလိုတာက ဗုဒ္ဓကို ဝါဒမျိုးစုံနဲ့ ချဉ်းကပ်တဲ့အခါ ဗုဒ္ဓဟာ ဝါဒမျိုးစုံကို ကိုယ်စားပြုသူအနေနဲ့ရှိတတ်ပြီး ဗုဒ္ဓအနေနဲ့ ဝါဒမျိုးစုံကို ပြန်ကြည့်တဲ့အခါ ဝါဒမျိုးစုံက အနတ္တအမြင်ထဲမှာ ပျော်ဝင်ပျောက်ကွယ်သွားတယ်ဆိုတာ ထူးထူးခြားခြား လေ့လာတွေ့ရှိရပါတယ်။ ဒီအချက်ဟာ ဗုဒ္ဓရဲ့ ထူးခြားတဲ့သမိုင်းကြောင်း တည်ရှိမှုတစ်ခု ဖြစ်နေခဲ့ပါတယ်။

**အနောက်တိုင်းဒဿနက တည်ရှိမှုကို သက်သေပြဖို့ ကြိုးစားလေ့ရှိပြီး ဗုဒ္ဓက မတည်ရှိမှုနဲ့ တည်ရှိမှုတွေကိုယ်တိုင်က အစစ်အမှန်တရား မဟုတ်ဘူးလို့ သက်သေပြဖို့ ကြိုးစားတယ်။**

အိန္ဒိယကို ဆစ်ပိုင်းကြည့်တဲ့အခါ အစဉ်အလာဂိုဏ်းနဲ့ အစဉ်အလာကို ဖောက်ထွက်တဲ့ဂိုဏ်းဆိုပြီး အပိုင်းနှစ်ပိုင်း တွေ့နိုင်ပါတယ်။ ဗုဒ္ဓက အစဉ်အလာကို ဆန့်ကျင်သူဂိုဏ်းဘက်ကနေ ရဟန်းပြုခဲ့တာ ဖြစ်ပါတယ်။ ဗုဒ္ဓက အစဉ်အလာကို ဖောက်ထွက်လာသူလို့ ဘယ်အချက်တွေနဲ့ ပြောနိုင်သလဲဆိုတာကို ဗုဒ္ဓဟောကြားခဲ့တယ်ဆိုတဲ့ ပိဋကတ်တော်လာ သုတ္တန်တရားတော်တွေကို စကားရပ်တွေသုံးသပ်ဆန်းစစ်မှု (Discourse Analysis) လုပ်ရင် သိနိုင်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

# အနုသယဝိကာ (Orthodox) နဲ့ တက္ကီ (Heterodox)

ဗုဒ္ဓပြဋ္ဌာန်းခဲ့တဲ့ ၂၂၇ သွယ်သော ဝိနည်းသိက္ခာပုဒ်တွေကို လေ့လာကြည့်တဲ့အခါ သံဃာ့အဖွဲ့အစည်းရဲ့ ဝိနည်းသိက္ခာတွေဟာ ဗုဒ္ဓခေတ်က အိန္ဒိယလူ့အဖွဲ့အစည်းရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ နည်းပညာ၊ အတတ်ပညာ၊ အသက်မွေးမှု၊ နိုင်ငံခြားဆက်ဆံရေး စတဲ့အကြောင်းအရာတွေကို ရောင်ပြန်ဟပ်ဖော်ပြနေတဲ့ ကြေးမုံပြင်တစ်ချပ် ဖြစ်နေတာကို တွေ့ရပါတယ်။

သံဃာ့အဖွဲ့အစည်းဟာ အစဉ်အလာ အယူအဆအားကောင်းပြီး ရင့်ကျက်မာကျောရှတတဲ့ အိန္ဒိယလူ့အဖွဲ့အစည်းနဲ့ အချိန်အတိုင်းအတာတစ်ခုအထိ ပွတ်တိုက်မှုတွေ ကြုံဖြတ်သန်းခဲ့တာကို ဝိနယပိဋက၊ မဟာဝဂ္ဂမှာ အထင်အရှားတွေ့ရပါတယ်။

မဟာဝဂ္ဂမှာပါတဲ့ ဝိနည်းသိက္ခာပုဒ်တွေကို ဆစ်ပိုင်းနှိုင်းချင့် လေ့လာကြည့်မယ်ဆိုရင် အိန္ဒိယလူ့အဖွဲ့အစည်းရဲ့ တန်ဖိုးထားမှုနဲ့ သံဃာ့အဖွဲ့အစည်းရဲ့ တန်ဖိုးထားမှုတွေကြားမှာ မတူညီတဲ့တန်ဖိုးတွေကို ညှိယူတည်ဆောက်ခဲ့ရတာကို တွေ့နိုင်ပါတယ်။ ဒါဟာ အိန္ဒိယလူ့အဖွဲ့အစည်းက တန်ဖိုးထားတဲ့ လူ့အဖွဲ့အစည်း သတ်မှတ်ချက် အဓိပ္ပာယ်တွေအဖြစ် ထင်ဟပ်နေတာကို ငြင်းလို့မရပါဘူး။

ဆိုလိုတာက အိန္ဒိယလူ့အဖွဲ့အစည်းက သံဃာ့အဖွဲ့အစည်းကို စွပ်စွဲမှုတစ်ခု ပေါ်လာတိုင်း ပေါ်လာတိုင်း ဗုဒ္ဓချမှတ်ပြဋ္ဌာန်းပေးရတဲ့ ဥပဒေက **'အိန္ဒိယလူ့အဖွဲ့အစည်းရဲ့ တန်ဖိုးထားတဲ့အဓိပ္ပာယ်ကို ပြန်လည်ဖြေရှင်း တုံ့ပြန်ပေးရခြင်း'** နဲ့ **'တောင်းဆိုမှုကို လက်ခံပေးရခြင်း'**ဆိုတဲ့ ဖြစ်စဉ်သဘာဝထဲမှာ လူမှုအဖွဲ့အစည်းရဲ့ အဓိပ္ပာယ်ကို တည်ဆောက်ထားခဲ့တာ ဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းရဲ့ အဓိပ္ပာယ် သတ်မှတ်ချက်တချို့က သံဃာ့အဖွဲ့အစည်း ဆက်လက်ရှင်သန်ဖို့ ဘယ်လောက်အတိုင်းအတာအထိ တွန်းအားဖြစ်စေခဲ့သလဲဆိုတာကို ပြန်လည်ဆင်ခြင်ကြည့်ဖို့ လိုပါလိမ့်မယ်။

လူ့အဖွဲ့အစည်းရဲ့ တောင်းဆိုချက်တိုင်းလိုလိုကို ဗုဒ္ဓက လိုက်လိုက်လျောလျောနဲ့ ဆုံးဖြတ်ခဲ့သလား။ ဘယ်လိုတောင်းဆိုချက်တွေကို ငြင်းပယ်ပြီး ဘယ်လိုတောင်းဆိုချက်တွေကိုကျ လက်ခံခဲ့သလဲ။

mgyoe.com

mgyoe.com SAMPLE BOOK

တချို့ပြာဟ္မဏတွေက ဗုဒ္ဓကို ''ခေါင်းမာတယ်၊ ရိုင်းတယ်''လို့ သတ်မှတ်ကြပါတယ်။ တချို့ပြာဟ္မဏဂိုဏ်းတွေဘက်ကကြည့်ရင် ဗုဒ္ဓရဲ့စကားလုံးတွေက ရင့်သီးတယ်လို့ပဲ မှတ်ချက်ပေးကြတာ တွေ့ရပါတယ်။

ဗုဒ္ဓက ပြာဟ္မဏတွေကို ဦးမညွတ်ဘူး၊ အရိုအသေမပြုဘူး။

အိန္ဒိယလူ့အဖွဲ့အစည်းအရကြည့်ရင် ဗုဒ္ဓက အားလုံးလေးစားလိုက်နာရတဲ့ လူ့အဖွဲ့အစည်းရဲ့ လောကဝတ်ကို နားမလည်ဘဲနဲ့ ဘုရားဖြစ်နေတယ်ဆိုတဲ့အချက်ကို သံသယနဲ့ ရှုမြင်ကြတာ ဖြစ်ပါတယ်။

ဗုဒ္ဓအနေနဲ့ ဝေရဥ္ဇပုဏ္ဏားကို ပြန်ဖြေတဲ့အကြောင်းအရာတွေဟာ (ဝိနယ၊ ပါရာဇိကဏ်၊ ၂။) အိန္ဒိယလူ့အဖွဲ့အစည်းက ငြင်းလို့မရတဲ့ အစဉ်အလာသဘောတရားကို အတွေးအခေါ်အရ စဉ်းစားတော်လှန်ပြခဲ့တာ ဖြစ်ပါတယ်။ အဲဒီအစဉ်အလာကို လက်ခံတဲ့ အယူအဆကို အနုသဝိကာလို့ ခေါ်ပါတယ်။ အစဉ်အလာကို ဆန့်ကျင်သူကိုတော့ တက္ကီလို့ ခေါ်ပါတယ်။ အဲဒါကြောင့် အိန္ဒိယကို အနောက်ပညာရှင်တွေက ပိဋကတ်စာပေအရ ဆစ်ပိုင်းကြည့်ကြတဲ့အခါ ဣရု၊ ယဇု၊ သာမ၊ အထဗ္ဗ စတဲ့ ဝေဒကျမ်းအစဉ်အလာကို လက်ခံထားတဲ့ အနုသဝိကာဂိုဏ်းကို ပြာဟ္မဏဂိုဏ်းအဖြစ် အမည်ပေး သတ်မှတ်ကြပါတယ်။ အဲဒီအစဉ်အလာ၊ အယူအဆတွေကို ဆန့်ကျင်တော်လှန်တဲ့ တက္ကီကို သမဏဂိုဏ်းလို့ သတ်မှတ်ခဲ့ကြပါတယ်။

အဲဒါကြောင့် အိန္ဒိယကိုပြန်ကြည့်ရင် အစဉ်အလာသမား အနုသဝိကာနဲ့ အစဉ်အလာကိုဆန့်ကျင်သူ တက္ကီတို့ရဲ့ အယူဝါဒ ပွတ်တိုက်မှုပြင်းထန်တဲ့စကားစစ်ထိုးပွဲတွေ ပိဋကတ်တော်အနှံ့အပြားမှာ သက်သေအနေနဲ့ ကျန်နေခဲ့တာ ဖြစ်ပါတယ်။ ဗုဒ္ဓက တောထွက်ပြီးလေ့လာခဲ့တာက တက္ကီဂိုဏ်းဖြစ်တဲ့ အာဠာရကာလာမနဲ့ ဥဒကရာမပုတ္တတို့ဆီမှာ သမထစျာန်နည်းလမ်းတွေကို လေ့လာခဲ့တာမျိုး ဖြစ်ပါတယ်။

အောက်မှာ ဗုဒ္ဓနဲ့ပတ်သက်ပြီး ဝေရဥ္ဇပုဏ္ဏား အဓိပ္ပာယ်ဖွင့်ဆိုမှုတွေကို လေ့လာကြည့်ရင် ဗုဒ္ဓက အစဉ်အလာသမားလား ဒါမှမဟုတ် အစဉ်အလာဖောက်ထွက်ခဲ့သူလားဆိုတာ ဆင်ခြင်သိမြင်နိုင်မှာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

# ဝေရဉ္စပုဏ္ဏားရဲ့ ဗုဒ္ဓကို အဓိပ္ပာယ်ဖွင့်ဆိုပုံများ

ဝေရဉ္စပုဏ္ဏားရဲ့ ဗုဒ္ဓကို အဓိပ္ပာယ်ဖွင့်ဆိုပုံကို ကြည့်ပါက ဗုဒ္ဓဟာ အစဉ်အလာသမား အနုဿဝိကာလား၊ အစဉ်အလာကိုဆန့်ကျင်သူ တက္ကီလားဆိုတာကို ဆန်းစစ်ကြည့်နိုင်ပါတယ်။

ဗုဒ္ဓဟာ အသက်အရွယ်ကြီးရင့်သူ ဗြာဟ္မဏလူ့အဖွဲ့အစည်းအပေါ်မှာ မရိုမသေ၊ လေးစားမှုမရှိသူ၊ လူ့ကျင့်ဝတ်တွေကို ဖောက်ဖျက်သူ၊ လူကြီးသူမတွေအပေါ်မှာ အမူအရာရိုင်းပြသူအဖြစ် သတ်မှတ်ကြတာကို တွေ့ရပါတယ်။

အသက်ကြီးရင့်တဲ့ ပုဏ္ဏားတွေကို လောကဝတ်အဖြစ် ရှိရိုကျိုးကျိုး၊ လေးလေးစားစား မဆက်ဆံတဲ့အခါမှာ ဝေရဉ္စပုဏ္ဏားက မခံချိမခံသာဖြစ်ပြီး ဗုဒ္ဓကို **''အရှင်ဂေါတမဟာ အရသာကင်းတဲ့သဘောပဲ''**လို့ စွပ်စွဲပြောဆိုပါတယ်။ ဗုဒ္ဓက အဲဒီလိုပြောတာကိုမငြင်းဘဲ အဲဒီလိုလဲ ပြောလို့ရပါတယ်လို့ဆိုပြီး –

''ပုဏ္ဏား – ရူပါရုံ၊ သဒ္ဒါရုံ၊ ဖောဋ္ဌဗ္ဗာရုံလို့ခေါ်တဲ့ သာယာခြင်းအရသာကို ပယ်ပြီးပြီ၊ (အဝိဇ္ဇာ၊ တဏှာ) အမြစ်ကို အကြွင်းမဲ့ဖြတ်ပြီးပြီ၊ နုတ်ပြီးတဲ့ထန်းပင်လို မဖြစ်ခြင်းကိုပြုပြီးပြီ။ နောင်အခါ ဖြစ်ခြင်းသဘောမရှိတော့ပါ''လို့ တုံ့ပြန်ပါတယ်။

တကယ်တော့ ဗုဒ္ဓကို အနှစ်သာရမဲ့သူ၊ အရသာကင်းမဲ့သူလို့ စွပ်စွဲတဲ့အခါ ဗုဒ္ဓက အာရုံငါးပါးကနေ ကင်းလွတ်တဲ့သူဖြစ်တဲ့အတွက် အရသာကင်းမဲ့သူလို့ပြောတဲ့စကားက မမှားဘူးလို့ ဝန်ခံတဲ့အခါ ဝေရဉ္စပုဏ္ဏားအတွက် အခက်တွေ့ရပါတယ်။

ဝေရဉ္စပုဏ္ဏားက **''အရှင်ဂေါတမဟာ သုံးဆောင်ခြင်းမရှိ''**လို့ စွပ်စွဲပြောဆိုပါတယ်။

ဗုဒ္ဓက ''ပုဏ္ဏား – ရူပါရုံ၊ သဒ္ဒါရုံ၊ ဖောဋ္ဌဗ္ဗာရုံလို့ခေါ်တဲ့ သုံးဆောင်ခြင်းကို ပယ်ပြီးပြီ၊ (အဝိဇ္ဇာ၊ တဏှာ) အမြစ်ကို အကြွင်းမဲ့ဖြတ်ပြီးပြီ၊ နုတ်ပြီးတဲ့ထန်းပင်လို မဖြစ်ခြင်းကိုပြုပြီးပြီ။ နောင်အခါ ဖြစ်ခြင်းသဘောမရှိတော့ပါ''လို့ တုံ့ပြန်ပါတယ်။

ဝေရဉ္စပုဏ္ဏားက နောက်ထပ် **''အရှင်ဂေါတမဟာ မပြုထိုက်တဲ့အယူ 'အကိရိယဝါဒ'ရှိတယ်''**လို့ စွပ်စွဲပါတယ်။

mgyoe.com

ဗုဒ္ဓက ''ပုဏ္ဏား၊ ငါက ကိုယ်နဲ့ပြုတဲ့ ကာယဒုစရိုက်၊ နှုတ်နဲ့ပြုတဲ့ ဝစီဒုစရိုက်၊ စိတ်နဲ့ပြုတဲ့ မနောဒုစရိုက်တွေကို မပြုထိုက်လို့ပဲ ဟောပါတယ်။ များပြားယုတ်ညံ့တဲ့ အကုသိုလ်တရားတွေကို မပြုထိုက်လို့ ဟောပါတယ်၊ အဲဒီအတွက် အကိရိယဝါဒရှိသူလို့ ပြောရင်လဲ မမှားဘူး''လို့ ဝန်ခံပြန်တဲ့အခါ ဝေရဉ္စပုဏ္ဏားက အခက်တွေ့သွားပါတယ်။

ဝေရဉ္စပုဏ္ဏားက **''အရှင်ဂေါတမဟာ ဖြတ်အပ်တယ်လို့ဆိုတဲ့အယူ 'ဥစ္ဆေဒဝါဒ' ရှိတယ်''**လို့ စွပ်စွဲပါတယ်။

ဗုဒ္ဓက မငြင်းဘူး။ ''ပုဏ္ဏား၊ ရာဂ၊ ဒေါသ၊ မောဟတွေကို ဖြတ်ရမယ်လို့ ဟောတယ်။ များပြားယုတ်ညံ့တဲ့ အကုသိုလ်ကို ဖြတ်ရမယ်လို့ ဟောတဲ့အတွက် ဒီလိုနည်းပရိယာယ်အနေနဲ့ ဥစ္ဆေဒဝါဒရှိတယ်လို့ စွပ်စွဲတာလဲ မမှားဘူး''လို့ တုံ့ပြန်ပြောပါတယ်။

ဝေရဉ္စပုဏ္ဏားက **''အရှင်ဂေါတမဟာ စက်ဆုပ်ခြင်းသဘောရှိတယ်''**လို့ စွပ်စွဲပြောဆိုတဲ့အခါမှာလဲ ဗုဒ္ဓက ''ပုဏ္ဏား၊ ကိုယ်နဲ့ပြုတဲ့ ဒုစရိုက်၊ နှုတ်နဲ့ပြုတဲ့ ဝစီဒုစရိုက်၊ စိတ်နဲ့ပြုတဲ့ မနောဒုစရိုက်တွေနဲ့ များပြားယုတ်ညံ့တဲ့ အကုသိုလ်တရားတွေကို စက်ဆုပ်တဲ့သဘောရှိတယ်''။ အဲဒီအတွက် စက်ဆုပ်ခြင်းသဘောရှိတယ်ပြောရင်လဲ ပရိယာယ်အနေနဲ့ မမှားဘူးလို့ ဝန်ခံပြန်တဲ့အခါ ဝေရဉ္စပုဏ္ဏား အခက်တွေ့သွားပြန်တယ်။

ဝေရဉ္စပုဏ္ဏားက **''အရှင်ဂေါတမဟာ ဖျက်ဆီးတတ်တယ်''**လို့ ထပ်မံစွပ်စွဲပြောဆိုတဲ့အခါမှာလဲ ဗုဒ္ဓက ''ပုဏ္ဏား၊ ရာဂ၊ ဒေါသ၊ မောဟတွေကို ဖျက်ဆီးဖို့တရားကို ဟောတယ်။ များပြားယုတ်ညံ့တဲ့ အကုသိုလ်တရားတွေကို ဖျက်ဆီးဖို့ဟောတယ်။ အဲဒီအတွက် 'ဖျက်ဆီးတတ်တယ်'ပြောရင်လဲ ပရိယာယ်အနေနဲ့ မမှားဘူး''လို့ ဝန်ခံပြန်တဲ့အခါ ဝေရဉ္စပုဏ္ဏား အခက်တွေ့သွားပြန်ပါတယ်။

ထပ်မံပြီး ဝေရဉ္စပုဏ္ဏားက **''အရှင်ဂေါတမဟာ ပူပန်စေတတ်တဲ့သဘောရှိတယ်''**လို့ စွပ်စွဲမှုလုပ်တဲ့အခါ ဗုဒ္ဓက ''ပုဏ္ဏား၊ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်နဲ့ များပြားယုတ်ညံ့တဲ့အကုသိုလ်တရားတွေကိုပယ်ပြီး ပူပန်စေတတ်တဲ့အကျင့်ရှိဖို့ ဟောတဲ့အတွက် ပူပန်စေတတ်တယ်ဆိုတဲ့ ပရိယာယ်အနေနဲ့ပြောရင် မမှားနိုင်ဘူး''လို့ ဝန်ခံပြန်ပါတယ်။

နောက်ထပ်ဝေရဉ္စပုဏ္ဏားက **''အရှင်ဂေါတမဟာ နတ်ပြည်ရောက်ခြင်းငှာ မထိုက်''**လို့ ပြောကြားတဲ့အခါ ဗုဒ္ဓက ''ပုဏ္ဏား၊ နောက်တစ်ဖန် ပဋိသန္ဓေနေခြင်း ဘဝအသစ်ဖြစ်ခြင်းကို ပယ်ထားပြီးပြီ (အဝိဇ္ဇာ၊ တဏှာ) အမြစ်ကို အကြွင်းမဲ့ဖြတ်တောက်


mgyoe.com

mgyoe.com SAMPLE BOOK

ပြီးပြီ၊ (နုတ်ထားတဲ့) ထန်းပင်လိုဖြစ်တဲ့ အသစ်တစ်ဖန် ပြန်လည်ဖြစ်ပေါ်ခြင်းသဘော မရှိတော့ဘူး။ အဲဒီလိုနည်းပရိယာယ်အရဆိုရင် 'ရဟန်းဂေါတမဟာ နတ်ပြည်ရောက်ဖို့ မထိုက်တန်ဘူး'လို့ပြောတာလဲ မမှားဘူး''လို့ တုံ့ပြန်ပြောဆိုပါတယ်။ ဒီဗုဒ္ဓရဲ့ပြောဆိုမှုက နတ်ပြည်ဆိုတာ ကာမဂုဏ်တစ်မျိုးထက်မပိုတဲ့ ရှုမြင်မှုကြောင့်ဖြစ်ပါတယ်။

ဒီစကားရပ်တွေဟာ ဗြာဟ္မဏအဖွဲ့အစည်းက ပုဏ္ဏားတွေရဲ့ စွပ်စွဲချက်တွေကို အတွေးအခေါ် အားကောင်းကောင်းဝေါဟာရတွေနဲ့ တော်လှန်တုံ့ပြန်ခဲ့တာဖြစ်ပါတယ်။ တုံ့ပြန်ဖြေဆိုတဲ့ ဝေါဟာရတွေကိုကြည့်ရင် ဗုဒ္ဓက အစဉ်အလာဝေါဟာရနဲ့ အစဉ်အလာ အမြင်တွေကို ဆန့်ကျင်ဖောက်ထွက်နေသူဆိုတာ ထင်ရှားပါတယ်။ ဒါဟာ အစဉ်အလာ သမား အနုဿဝိကာလို့ သတ်မှတ်ထားတဲ့ ဗြာဟ္မဏအမြင်တွေကို ဆန့်ကျင်နေတဲ့ တက္ကီ (သမဏ) လို့ သတ်မှတ်ကြတာ ဒီအချက်တွေကြောင့် ဖြစ်ပါတယ်။

ဒီအချက်တွေကိုကြည့်ရင် အိန္ဒိယရဲ့ ဘာသာဗေဒဆိုင်ရာ အတ္ထဗေဒ (Semantic) အနက်အဓိပ္ပာယ်တွေကနေ အယူဝါဒတွေကို သုံးသပ်ကြည့်ရင် အိန္ဒိယရဲ့ ဘာသာဗေဒအတွေးအခေါ် (Philosophy of Linguistics) နဲ့ ဘာသာရေးအယူအဆ (Philosophy of Religion) တွေဟာ အဆင့်မြင့်တယ်ဆိုတာ ထင်ရှားပါတယ်။ စွပ်စွဲသူပုဏ္ဏားက လောကထဲက ဝေါဟာရတွေနဲ့ ဗုဒ္ဓကို ပုတ်ခတ်နေတာဖြစ်ပြီး ဖြေဆိုသူ ဗုဒ္ဓက လောကထဲကနေကျော်လွန် (လောကုတ္တရာ) ဆိုတဲ့အဓိပ္ပာယ်ကနေ တုံ့ပြန်တာကို တွေ့ရပါလိမ့်မယ်။ အမျိုးအမည်စုံလင်လှတဲ့ အပြစ်တင်စွပ်စွဲချက်နဲ့ ဟီးဟီးထ အသားကျ ကျင်လည်နေတဲ့လူ့အဖွဲ့အစည်းအပေါ်မှာ ဗုဒ္ဓအနေနဲ့ သည်းခံနိုင်တဲ့အချက်က လောကကို လွန်မြောက်ပြီး ကျင့်ကြံနေခဲ့လို့ဆိုတဲ့အချက်ကို တွေ့ရပါလိမ့်မယ်။

လောကီလူသားတွေက အဲဒီစွပ်စွဲအပြစ်တင်တဲ့စကားလုံးကို သိမ်းပိုက်ပြီး ရှူးရှူး ရှားရှားနဲ့ တုံ့ပြန်လေ့ရှိတာကြောင့် အဲဒီပေးချက်အောက်ကနေ မလွတ်မြောက်နိုင်ကြဘဲ သံသရာလည်လေ့ရှိတယ်ဆိုတာပါပဲ။

စွပ်စွဲအပြစ်တင်တဲ့ဝေါဟာရတွေကို ဗုဒ္ဓက သဘာဝတရားက ဖြစ်လာတဲ့အသံ ဆိုပြီး ရှုမြင်လွန်မြောက်ထားတာပဲ ဖြစ်ပါတယ်။ အဲဒီအသံတွေက အစစ်အမှန်မဟုတ်ဘူး၊ အာရုံ (အဆင်း) နဲ့ ဒွါရ (နားအကြည်) တို့ ထိခတ်မှု (ဖဿ) ကနေ အကြားအာရုံ (သောတဝိညာဏ်) ပေါ်ပေါက်လာပြီးရင် တစ်မဟုတ်ခြင်း ပျက်ပြယ်သွားတယ်လို့


mgyoe.com

mgyoe.com SAMPLE BOOK

ရှုမြင်ထားခဲ့တာ ဖြစ်ပါတယ်။ အဲဒီအဖြစ်အပျက်ကို သတိ (အပ္ပမာဒ) နဲ့ အဲဒီနေရာကနေ မပြတ်စောင့်ကြည့်နေတာကို သတိပဋ္ဌာန် (သတိပြဋ္ဌာန်းခြင်း)လို့ ခေါ်ပါတယ်။

စွပ်စွဲမှုတွေကို ဗုဒ္ဓက အတ္တဗေဒအရ အဓိပ္ပာယ်တွေကို ကိလေသာတွေအဖြစ် ဘာသာမပြန်ဘဲ ဗုဒ္ဓက အသံအနေနဲ့သာ သဘာဝတရားအတိုင်း ရှုမြင်ထားခဲ့တာ ဖြစ်ပါတယ်။ အတ္တဗေဒထဲက အဓိပ္ပာယ်ဆန်းပြားမှုတွေဆိုတာ 'ငါ (အတ္တ)'ဆိုတဲ့ **'သက္ကာယဒိဋ္ဌိ'**ကြောင့်ဆိုတာကို ဗုဒ္ဓက ဖော်ထုတ်ခဲ့ပါတယ်။ သဘာဝတရားထဲမှာ ဗုဒ္ဓက ပုဏ္ဏားရဲ့စွပ်စွဲချက်ကို ဘယ်အချက်ပေါ်ကနေ ရပ်တည်ဖြေရှင်းခဲ့သလဲဆိုရင် ကိုယ်ကျင့်တရားသီလနဲ့ အနတ္တအမြင်ပေါ်ကနေ ဖြေရှင်းခဲ့ပါတယ်။

ဝေရဉ္ဇပုဏ္ဏားက ဗုဒ္ဓကို အနက်အဓိပ္ပာယ်ပေါင်းများစွာနဲ့ နစ်နစ်နာနာ ပြောဆိုစွပ်စွဲခဲ့ပေမဲ့ ဗုဒ္ဓက လက်တုံ့ပြန်ခြင်းမရှိဘဲ ဘာသာစကားရဲ့ ထောင်ချောက်ဆန်တဲ့ အဓိပ္ပာယ်တွေကနေ လွှန်မြောက်နေခဲ့တာမျိုး တွေ့ရပါတယ်။ ဝေရဉ္ဇပုဏ္ဏားရဲ့ ဝေါဟာရ အနက်အဓိပ္ပာယ်တွေက လောကီအလွှာကစဉ်းစားနေခဲ့တာဖြစ်ပြီး ဗုဒ္ဓက လောကုတ္တရာ (လောကအလွန်) ဆိုတဲ့ ဝေါဟာရအဓိပ္ပာယ်ဘက်ကနေ တုံ့ပြန်နေခဲ့တာ ဖြစ်ပါတယ်။ ထပ်ပြီး အသေးစိတ်ပြန်ကြည့်ရင် ဝေရဉ္ဇပုဏ္ဏားက သတ္တလောကနဲ့ ဩကာသလောက ဝေါဟာရစွပ်စွဲချက်တွေကို ဗုဒ္ဓက သင်္ခါရလောကကနေတုံ့ပြန်ပြီး အဓိပ္ပာယ် ပြန်ဖွင့်သွားတာ ဖြစ်ပါတယ်။

အလျှံတညီးညီးတောက်လောင်ပြီး သွေးညှီနံ့တွေစွန်းနေတဲ့ လောကီစကားလုံးတွေဟာ လောကုတ္တရာနယ်ပယ်ထဲမှာ ပြာမှုန်လေးလို လွင့်စင်သွားခဲ့တာ ဘာကြောင့်လဲ။

သတ္တလောကနဲ့ ဩကာသလောကကနေ စဉ်းစားဖွင့်ဆိုထားကြတဲ့ စကားလုံး အနက်အဓိပ္ပာယ်တွေဟာ သင်္ခါရလောကအလွှာကနေကြည့်ရင် အနက်အဓိပ္ပာယ်တွေတောင် ပြောင်းပြန်သဘော သက်ရောက်နေတာမျိုးဖြစ်တာကို တွေ့နိုင်ပါတယ်။ ဒါကလဲ ဗုဒ္ဓရဲ့ဝေါဟာရ လိမ္မာပါးနပ်ကျွမ်းကျင်မှုကို မြင်နိုင်ပါတယ်။ အဲဒါကြောင့် ဗုဒ္ဓစာပေကို ချဉ်းကပ်တဲ့အခါ သာမန်အတ္တဗေဒဝေါဟာရလောက်နဲ့ စဉ်းစားလို့မရဘဲ သင်္ခါရ ဝေါဟာရတွေကို ထည့်သွင်းဆင်ခြင်ရတာမျိုးပဲ ဖြစ်ပါတယ်။

ဒါဆို ဗုဒ္ဓက ဘာကိုတွေးခဲ့သလဲ။ ဗုဒ္ဓက ဘာကိုသိမြင်နားလည်ခဲ့တာလဲ။ အရိုးရှင်းဆုံး ရှုမြင်ကြည့်ရအောင်ပါ။


mgyoe.com

mgyoe.com SAMPLE BOOK

# ကာမဂုဏ်နဲ့ လွတ်မြောက်မှုလွန်ဆွဲပွဲ

အဲဒီလောကကို လွှန်မြောက်ပြီးကြည့်ရမဲ့ လောကုတ္တရာအတွေးအမြင်က အိန္ဒိယ လူ့အဖွဲ့အစည်းရဲ့ အသိဉာဏ်တန်ဖိုးကို အဆင့်ထပ်မြှင့်ပေးခဲ့တယ်လို့ ဆိုရပါတယ်။

လူသားတစ်ဦးဆိုတာ ကာမဂုဏ်ခံစားမှု 'Hedonism' ရှိမှာပဲ၊ ပျော်မွေ့မှာပဲ၊ ကာမဂုဏ်ခံစားမှုဆိုတဲ့ သတ္တဝါဆန်ဆန် အဓိပ္ပာယ်ဖွင့်ဆိုဖို့ ကြိုးစားနေတဲ့ လူ့အဖွဲ့အစည်းကို **နောက်ထပ် လူသားပိုပီသတဲ့ လွတ်မြောက်မှုဆိုတဲ့ ဝိမုတ္တိကိုရော ရယူခံစားခွင့်မရှိဘူးလားဆို**တဲ့ အဓိပ္ပာယ်ကို မေးခွန်းမေးခဲ့တာ ဖြစ်ပါတယ်။

ကာမဂုဏ်ခံစားမှုဆိုတာ တိရစ္ဆာန်တွေအားလုံးနီးပါးရထားတဲ့ အခွင့်အရေးပါပဲ။ တိရစ္ဆာန်တွေထက် လူတွေရဲ့ အသိပညာတွေ ဘယ်လောက်မြင့်မားတယ်၊ မမြင့်မားဘူးဆိုတာက မိမိရဲ့ ကိလေသာအထုအပါးရဲ့ တုံ့ပြန်ရွေးချယ်ခွင့်သာ ဖြစ်ပါတယ်။

ဗုဒ္ဓက ကိလေသာကိုစစ်တိုက်ဖို့ အိန္ဒိယလူ့အဖွဲ့အစည်းထဲမှာ ပေါ်ထွန်းလာသူ၊ ကာမဂုဏ်တရားနဲ့ ဖုံးအုပ်ထားတဲ့ လောကအမှောင်ထဲကို အလင်းဆောင်လာသူ ဖြစ်ပါတယ်။

အဲဒီဉာဏ်အလင်းဟာ အမှောင်တွေနဲ့အသားကျနေတဲ့ ကိလေသာခပ်ထူထူ ဝတ်လစ်စလစ် လူ့အဖွဲ့အစည်းအတွက် အရှက်ရစရာ ပြန့်ကျဲသွားပြီး အကာအကွယ်မဲ့သွားခဲ့တာမျိုး ဖြစ်ပါတယ်။ ကိလေသာမှန်ကန်ကြောင်း ပိုပြီးသက်သေပြလေလေ အသိဉာဏ်အလင်းထဲမှာ ကာမဂုဏ်တရားတွေ အငွေ့ပြန်ပျောက်ဆုံးသွားကြတာမျိုး ဖြစ်ပါတယ်။

**ကာမဂုဏ်တရားကို မွေ့လျော်ချင်သူတွေ (Hedonism) နဲ့ အသိဉာဏ်မြင့်မားလွတ်မြောက်ချင်တဲ့သူတွေ (Libration) ရဲ့ လွန်ဆွဲတဲ့စစ်ပွဲကို ဗုဒ္ဓဆင်နွှဲခဲ့တာ ဖြစ်ပါတယ်။**

mgyoe.com

mgyoe.com SAMPLE BOOK

ဗုဒ္ဓက လူ့သဘာဝတရားကို ဝေဖန်ဆန်းစစ်ဖို့ စိတ်သဘာဝနဲ့ ရုပ်သဘာဝ သိပ္ပံလက်တွေ့စမ်းသပ်ခန်းကို ဖော်ထုတ်နည်းပြပေးခဲ့သူပါပဲ။ အိန္ဒိယအစဉ်အလာ ယုံကြည်သူတွေနဲ့ အစဉ်အလာဖောက်ထွက်သူတွေအကြား ပဋိပက္ခဖာစ်မြစ်က ဘာတွေ ဖြစ်နိုင်သလဲဆိုတာကို ဆန်းစစ်ဖို့ပါပဲ။


mgyoe.com

mgyoe.com SAMPLE BOOK

# ရှေးခေတ်အိန္ဒိယရဲ့ အယူဝါဒအမျိုးမျိုး

အရင်ခေတ်ကာလက အိန္ဒိယသားတွေရဲ့ အသွင်သဏ္ဌာန်ပိုင်းကို စစ်ကြောကြတဲ့အခါ ဝိရောဓိမဖြစ်ကြတဲ့ ကုသိုလ်နဲ့ အကုသိုလ်ကို လက်ခံထားတဲ့ ကံကြမ္မာဝါဒ (Fatalism) နဲ့ ဆိတ်ငြိမ်အေးချမ်းတဲ့ဝါဒ (Quietism) ကို လိုလားကြတယ်လို့ အဲဒီလိုတွေးဆခဲ့ကြပါတယ်။ ဒီဆုံးဖြတ်ချက်က ဘယ်လောက်အတိုင်းအတာအထိ မှန်ကန်နိုင်သလဲဆိုတဲ့အရာက သိပ်ကို သံသယဖြစ်စရာပါ။

ရှေးခေတ်အိန္ဒိယရဲ့ဘဝဆိုတဲ့အမြင်ကို တိတ်ဆိတ်ငြိမ်သက်မှုဝါဒရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် အမှန်ပင်တည်ရှိခဲ့ပေမဲ့ ယနေ့ အိန္ဒိယနိုင်ငံမှာ တိတ်ဆိတ်ငြိမ်သက်မှုဝါဒကျန်ရှိနေသေးသလားဆိုတာနဲ့ပတ်သက်ပြီး ကိုယ်ကျင့်တရား ပညာရှင်တွေကတော့ လုံးဝအတည်မပြုခဲ့ပါဘူး။ နောက်ပိုင်းမှာတော့ ဗုဒ္ဓအကြောင်းလေ့လာမှု (Buddhology) ပေါ်လာပြီးတဲ့နောက်ပိုင်းမှာတော့ အတိုင်းအတာတစ်ခုအထိ တဖြည်းဖြည်း လက်သင့်ခံလာခဲ့ကြပါတယ်။

အိန္ဒိယလူ့အဖွဲ့အစည်းရဲ့ ကနဦးအတွေးအခေါ်တွေမှာ အာရိယာန်လူမျိုးတွေရဲ့ ဣရုဝေဒကျမ်း (Ṛg Veda) ထဲက ကိုးကွယ်ယုံကြည်မှုဖြစ်တဲ့ အရာအရာတိုင်းမှာ နတ်ဘုရားရှိတယ်ဆိုတဲ့ အယူဝါဒ (Pentheism) ဟာ ရှေးခေတ်အိန္ဒိယမှာ လွှမ်းမိုးခဲ့ပါတယ်။ ဣရုဝေဒကျမ်းထဲမှာ အိန္ဒြ (သိကြားမင်း)၊ အဂ္ဂိ (မီးနတ်)၊ ဝရုဏ (ရေနတ်)၊ သူရိယ (နေနတ်)၊ သောမ၊ ဝါယု (လေနတ်) နဲ့ ရုဒြ (သီဝနတ်မင်းရဲ့ ကိုယ်ခွဲနတ်များ) စသဖြင့် ကိုးကွယ်မှုလုပ်ခဲ့ကြပါတယ်။ ဒီလိုနတ်ဒေဝတာကို ဘုရားအမျိုးမျိုးအဖြစ် ကိုးကွယ်တဲ့ဝါဒ (Polytheism) အဖြစ် သတ်မှတ်ကြပါသေးတယ်။ အာရိယာန်တွေရဲ့ ဝေဒကျမ်းလာ နတ်ကိုးကွယ်မှုဟာ အစဉ်အလာကိုလက်ခံတဲ့အယူအဆ အနုဿဝိကာကို မွေးထုတ်လိုက်တဲ့အကြောင်းအရင်းပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ဗုဒ္ဓမပေါ်ထွန်းမီ အိန္ဒိယကိုကြည့်ရင် ဣရုဝေဒ (Rg Veda) ကျမ်းလာဂါထာ (၁. ၁၆၄. ၄၆) မှာ (ကော်သတ်ပိပြဗဟုဓဝဒန္တိ) ပညာရှိကဝိတွေက အမည်သညာအမျိုးမျိုးနဲ့ ခေါ်တွင်ကြပေမဲ့ အမှန်တရားက တစ်ခုသာရှိတယ်ဆိုတဲ့ ဖော်ပြချက်ဟာ ဣရုဝေဒ ကျမ်းလာ ဘုရားတစ်ဆူတည်း ကိုးကွယ်တဲ့ဝါဒ (Monotheism) ကို ထင်ဟပ်ဖော်ပြ နေတာ ဖြစ်ပါတယ်။

ဣရုဝေဒကျမ်းလာ ဂါထာအမှတ် (၁၀. ၉၀) ထဲမှာ ဖော်ပြထားတဲ့ ပုရုသျှသူက္တ (Puruṣa Dûkta) လို့ခေါ်တဲ့ စကြဝဠာအရှင်ဆိုတဲ့ အသုံးအနှုန်း၊ ဂါထာအမှတ် (၁၀. ၁၂၁) မှာဖော်ပြထားတဲ့ ဟိရဏျဂဗ္ဘဆိုတဲ့ ရွှေသန္ဓေသား ဖန်ဆင်းရှင်ကြီးဆိုတဲ့ အသုံးအနှုန်း၊ ဂါထာအမှတ် (၁၀. ၁၂၉) ထဲက နိသဒိယသူက္တ ဖန်ဆင်းရှင်ရဲ့ ဓမ္မတေး ဆိုတဲ့ အသုံးအနှုန်း၊ ပဇာပတိလို့ခေါ်တဲ့ သတ္တဝါအားလုံးရဲ့ ဖန်ဆင်းရှင်အသုံးအနှုန်းနဲ့ ဥပနိသျှဒ်ကျမ်း (၈၀၀–၂၀၀ ဘီစီခန့်) ထဲက ဗြဟ္မန်ဆိုတဲ့ အသုံးအနှုန်းတွေဟာ ဘုရား တစ်ဆူတည်းကိုးကွယ်တဲ့ဝါဒကိုပါ လက်မလွှတ်တဲ့ ကိုးကွယ်မှုမျိုးတွေကို တွေ့မြင်ရ ပါတယ်။

ဖန်ဆင်းရှင်တစ်ဦးတည်းသာရှိပေမဲ့ နတ်ဒေဝတာတွေအများကြီးရှိတယ်ဆိုတဲ့ အယူဝါဒကို Henotheism လို့ ခေါ်ပါတယ်။ အဲဒါကြောင့် ဣရုဝေဒကျမ်းကို ဆစ်ပိုင်း ကြည့်တဲ့အခါ ကိုးကွယ်မှုလက္ခဏာရပ်တွေ ရောထွေးနေလေ့ရှိပြီး ဘုရားတစ်ဆူတည်း ကိုးကွယ်တဲ့ဝါဒ (Monotheism) လဲရှိသလို၊ ဘုရားများစွာကိုးကွယ်တဲ့ဝါဒ (Poly- theism) လဲ ရှိနေပြန်ပါတယ်။ နောက်ပြီး သဘာဝတရားကို နတ်ဒေဝတာတွေအဖြစ် ကိုးကွယ်တဲ့ဝါဒ (Pantheism) ကိုလဲ ထင်ထင်ရှားရှားတွေ့ရသလို နတ်ဘုရားများစွာ ရှိပေမဲ့ ဖန်ဆင်းရှင်တစ်ဦးသာရှိတယ်ဆိုတဲ့ဝါဒ Henotheism ကိုလဲ ကြိုကြားကြိုကြား တွေ့ရပါတယ်။

နောက်ပိုင်း ဗုဒ္ဓခေတ်ကိုရောက်လာတဲ့အခါ အိန္ဒိယလူ့အဖွဲ့အစည်းဟာ သက်သေသက္ကာယနိုင်လုံမှုအားနည်းလာတဲ့ နတ်ဒေဝတာကိုးကွယ်မှုဖြစ်တဲ့ မှီခို အားထားမှုအဆင့်ကနေ တက္ကီသမဏတွေဟာ လွတ်လပ်မှုအဆင့်ကို တက်လှမ်းခဲ့တာကို တွေ့ရပါတယ်။ အထောက်အထားကိုထုတ်ဖော်ပြောရရင် ဗြဟ္မဇာလသုတ်ထဲက (ဒီဃ နိကာယ်၊ သီလက္ခန်ပါဠိတော်၊ ဗြဟ္မဇာလသုတ်၊ ၁၂–၅၃) ဒိဋ္ဌိ ၆၂ ပါးအမြင်ထဲမှာ လောက၊ အတ္တ၊ သတ္တဝါ၊ ကုသိုလ်နဲ့ အကုသိုလ်ဆိုတဲ့ အကြောင်းအရာတွေကို ကိုယ်ပိုင်


mgyoe.com

mgyoe.com SAMPLE BOOK

ဉာဏ်နဲ့ ဆင်ခြင်တွေးတောလာတဲ့ ကာလအဖြစ်နဲ့ ရောက်ရှိလာခဲ့တာကို ဆန်းစစ်ရင် တွေ့ရပါတယ်။

မိမိခြေထောက်ပေါ်ရပ်တည်ပြီး မိမိတို့ရဲ့ ကိုယ်ပိုင်အတွေးအခေါ်နှာခေါင်းနဲ့သာ အသက်ရှူချင်ကြတဲ့ သမဏ၊ ဗြာဟ္မဏဂိုဏ်းတွေဟာ လွတ်လပ်မှုအဆင့် (Independent State) ကနေ မွေးထုတ်ပေးလိုက်တဲ့ ယုံကြည်ချက်ကြောင့် ဣရုဝေဒကျမ်းလာ နတ်ဒေဝတာတွေကို ချန်ထားစဉ်းစားခဲ့ပြီး ဗုဒ္ဓခေတ်မှာ ရဲရင့်တဲ့အတွေးအခေါ်အသစ်တွေ အပြိုင်းအရိုင်း ပေါ်ပေါက်လာခဲ့တာ ဖြစ်ပါတယ်။

အာရိယာန်လူမျိုးတွေရဲ့ ဣရုဝေဒကျမ်းထဲက ကိုးကွယ်ယုံကြည်မှုဖြစ်တဲ့ အရာရာတိုင်းမှာ နတ်ဘုရားရှိတယ်ဆိုတဲ့ အယူဝါဒ (Pantheism) ကို ဗုဒ္ဓ ဘယ်လိုရှုမြင်ခဲ့သလဲဆိုတာကို ဗုဒ္ဓဝဂ်အဂ္ဂိဒတ္တ ဗြာဟ္မဏဝတ္ထုမှာ တွေ့ရပါတယ်။

**"ကြောက်ရွံ့ထိတ်လန့်တဲ့လူတွေဟာ တောင်တွေ၊ တောတွေ၊ အရံနေရာတွေ၊ အထင်ကရသစ်ပင်တွေကို ကိုးကွယ်ကြတယ်။ (ဓမ္မပဒ၊ ၁၈၈)"**

**"အဲဒီတောတောင်၊ အရံ၊ သစ်ပင်တွေကို ကိုးကွယ်ရာဟူသမျှ ကိုးကွယ်ခြင်းဆိုတာ ဘေးကင်းတဲ့ ကိုးကွယ်ခြင်းမဟုတ်ဘူး။ မြတ်တဲ့ကိုးကွယ်ခြင်းမဟုတ်ဘူး။ အဲဒီကိုးကွယ်ရာဆည်းကပ်မှုတွေကြောင့် ဒုက္ခကနေ မလွတ်မြောက်နိုင်ဘူး" (ဓမ္မပဒ၊ ၁၈၉)**

ဒီအချက်ကိုကြည့်ရင် ဗုဒ္ဓဟာ သဘာဝတရားရဲ့ အရာရာ နတ်ဒေဝတာတွေ အဖြစ်ကိုးကွယ်မှုကို ပယ်မြစ်ခဲ့တယ်ဆိုတဲ့ ထုတ်ပြန်ချက်ပဲ ဖြစ်ပါတယ်။ ဗုဒ္ဓခေတ်ကတည်းက တောကိုကိုးကွယ်တဲ့လူမျိုးတွေ၊ တောင်ကိုကိုးကွယ်တဲ့လူမျိုးတွေ၊ နေထိုင်ရာနေရာ ကျောင်းဆောင်တွေကို ကိုးကွယ်တဲ့လူမျိုးတွေ၊ သစ်ပင်ကိုကိုးကွယ်တဲ့လူမျိုးတွေ ကိုးကွယ်မှုအမျိုးမျိုးရှိနေတဲ့ ယဉ်ကျေးမှုဟာ အိန္ဒိယမှာ ရှိခဲ့တယ်ဆိုတာပါပဲ။

အဲဒီကိုးကွယ်မှုတွေကို ဒုက္ခသစ္စာကနေ တကယ်လွတ်မြောက်စေတဲ့အရာ မဟုတ်ဘူးဆိုတာကို ထုတ်ဖော်ခဲ့ပါတယ်။ ကိုယ့်စိတ်ကို သက်သာရာရအောင် အငှားချထားတဲ့ စိတ်လှည့်စားမှုတွေပါပဲ။

ဗုဒ္ဓခေတ်မှာ သဘာဝနတ်ဘုရားတွေကိုးကွယ်ရာဆိုတဲ့အယူဝါဒကို အခြေအမြစ်မရှိဘူး၊ အကြောင်းအကျိုး ခိုင်လုံမှု မရှိဘူး၊ ယုတ္တိရှိမှု အားနည်းချက်ရှိတယ်ဆိုတာတွေကို


mgyoe.com

mgyoe.com
SAMPLE BOOK

လေ့လာပြီး အိန္ဒိယလူ့အဖွဲ့အစည်းထဲမှာ အသိပညာဖြန့်ဝေခဲ့တာပဲ ဖြစ်ပါတယ်။ လောက၊ အတ္တနဲ့ သတ္တဝါဆိုတဲ့ အယူအဆတွေကို သမဏ၊ ဗြာဟ္မဏတွေ အားကောင်းကောင်းနဲ့ တွေးခေါ် လေ့လာနေတဲ့အချိန်မှာ ဗုဒ္ဓက စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထ တရားကို လေ့လာနေခဲ့တာကို တွေ့နိုင်ပါတယ်။

ဗုဒ္ဓအနေနဲ့ ဓမ္မပဒကျမ်းထဲမှာ ဖော်ပြထားတဲ့ ရာဂ၊ ဒေါသ၊ မောဟ၊ တဏှာ ဆိုတဲ့ ကိလေသာတွေဆိုတာ စိတ်ကို အရောင်ဆိုးထားတဲ့ စေတသိက်တွေဖြစ်တယ် ဆိုတာကို ထုတ်ဖော်ခဲ့တာ ဖြစ်ပါတယ်။ အဘိဓမ္မာရှုထောင့်အရကြည့်ရင် ဗုဒ္ဓဟာ လူ့သဘာဝရဲ့ အခြေခံဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟစိတ်တွေက ဘယ်လိုမျိုး စေတသိက်တွေက လွှမ်းမိုးခြယ်လှယ်လို့ ဖြစ်လာသလဲဆိုတာကို အသေးစိတ်ထုတ်ဖော်ခဲ့ တာကို တွေ့ရမှာဖြစ်ပါတယ်။

**''ရာဂနှင့်တူသောမီးသည်မရှိ၊ ဒေါသနှင့်တူသော ဖမ်းယူတတ်သော သတ္တဝါသည် မရှိ၊ မောဟနှင့်တူသော ပိုက်သည်မရှိ၊ တဏှာနှင့်တူသောမြစ်သည် မရှိ'' (ဓမ္မပဒ၊ ၂၅၁)။**

''ရာဂဆိုတာ မီးပဲ၊ ဒေါသဆိုတာ ဖမ်းစားတတ်သူပဲ၊ မောဟဆိုတာ ပိုက်ကွန်ပဲ၊ တဏှာဆိုတာမြစ်ပဲ'' ဆိုတဲ့အချက် ဖော်ပြထားတာကိုတွေ့ရင် ရာဂ၊ ဒေါသ၊ မောဟ၊ တဏှာဆိုတာကို ဂုဏ်ရည်တူတဲ့သဘောကို ထပ်တူပြုဖော်ပြတဲ့ ရူပကလင်္ကာသဘောကို ဖော်ပြထားတာ တွေ့ရပါတယ်။ ရာဂဆိုတာ အဓိပ္ပာယ်က ဘာနဲ့တူသလဲဆိုတာကို အနီးစပ်ဆုံးပြချင်တာက မီးဟာ အပူရှိတာ၊ ရာဂဆိုတာ အပူပဲ။ အပူဆိုတာ လောင်ကျွမ်း မှုပဲ။ ဘာကိုလောင်ကျွမ်းစေသလဲဆိုရင် စိတ်ထဲမှာ တမြေ့မြေ့လောင်နေခြင်းပါပဲ။ ရာဂက လောင်စာအားကောင်းကောင်းနဲ့ တွန်းအားပေးတာ ဖြစ်ပါတယ်။ မောဟဆိုတာ ပိုက်ကွန် တစ်မျိုးပဲဆိုတဲ့စကားဟာ မသိမိုက်မဲမှုဆိုတာ ငြိတွယ်မှုကို ဖြစ်စေတာကို ဆိုလိုပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

# အိန္ဒိယနိုင်ငံရဲ့ မွေးရာပါလွတ်လပ်ခွင့်

အကျဉ်းပြောရရင် ဗုဒ္ဓချမှတ်ခဲ့တဲ့ ဝိနည်းဥပဒေဆိုတာ အိန္ဒိယလူ့အဖွဲ့အစည်းရဲ့ ရာဇဝတ်မှုဆိုင်ရာ ဒဏ်ရာဒဏ်ချက်ကို အသိမ်မွေ့ဆုံးမြင်ရတဲ့ မှတ်တမ်းပါပဲ။

ဘာသာရေးအယူအဆကို ဆုံချက်အနေနဲ့ ဗြာဟ္မဏဝါဒ (Brahmanism) ၊ ဂျိန်းဝါဒ (Jainism) ၊ သီဝကိုးကွယ်မှု (Saivism)၊ ဗိသျှနုကိုးကွယ်မှု (Vaishnavism)၊ ဟိန္ဒူဘာသာ (Hinduism) ၊ ဆစ်ခ်ဘာသာ (Sikhism) ၊ နတ်ကိုးကွယ်မှု (Animism) ဆိုတာတွေ တွေ့ရပါတယ်။ အိန္ဒိယရဲ့ကိုးကွယ်မှု ဘာသာတရား လွတ်လပ်စွာ ထွန်းကားခဲ့တဲ့ပုံရိပ်ပဲ ဖြစ်ပါတယ်။ အဲဒီအချက်ဟာ အိန္ဒိယရဲ့ လွတ်လပ်တဲ့ ဘာသာတရား ကိုးကွယ်မှု (Freedom of Religion) ကို ပေါ်လွင်စေခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

**လွတ်လပ်တဲ့ဘာသာရေးကိုးကွယ်ခွင့်ဆိုတာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၆၀၀ ထက်စောတဲ့ ကာလကတည်းက အိန္ဒိယက မွေးရာပါရတဲ့ လူ့အခွင့်အရေးတစ်ရပ် ဖြစ်ပါတယ်။** အဲဒီအချိန်ကာလဟာ အစဉ်အလာကို ဆုပ်ကိုင်တဲ့ အနုသာသဝိကာတွေကနေ အစဉ်အလာကို ဖောက်ထွက်တဲ့ တက္ကသိုလ်သမားတွေ ပိုပြီးထွန်းကားတဲ့ကာလတစ်ရပ်လို့ ဆိုနိုင်ပါတယ်။ ဒါက ကမ္ဘာကြီးအရှေ့ဘက်ခြမ်းက အိန္ဒိယသားတွေ အတွေးအခေါ် လွတ်လပ်နေတဲ့အချိန်မှာ အနောက်ကမ္ဘာခြမ်းရဲ့ ဘာသာရေးအယူအဆ ထွန်းကားမှု ဘယ်ခရီးပေါက်နေပြီလဲဆိုတာ ခြေဆန့်ကြည့်ဖို့ လိုပါတယ်။

အင်္ဂလန်က ဘာသာရေးသမားတွေဟာ အမေရိကန်ကိုလိုနီတွေအဖြစ် မေဖလားဝါးသင်္ဘောကြီး (May Flower) နဲ့ အမေရိကရဲ့ မက်ဆာချူးဆက်ပြည်နယ်၊ ပလိုင်းမောက်ဒေသကို ရောက်လာခဲ့တဲ့အချိန်မှာ စတောင်းတဲ့ ဘာသာရေးလွတ်လပ်ခွင့်နဲ့ Self - Government ဆိုတာ အေဒီ ၁၆၂၀ မှာ စာချုပ်နဲ့တောင်းဆိုခဲ့ရတဲ့ လွတ်လပ်ခွင့် ဆိုင်ရာ ကတိကဝတ်စာချုပ်ကို 'May Flower Compact' လို့ခေါ်ပါတယ်။ အေဒီ ၁၆၂၀ လောက်မှာ ဘာသာရေးလွတ်လပ်ခွင့်အတွက် မိခင်အင်္ဂလန်နိုင်ငံကနေ မြောက်အမေရိကဘက်ကို အခြေချနေထိုင်ဖို့ ရောက်လာကြသူတွေ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဘာသာရေးလွတ်လပ်ခွင့်ဆိုတာ အိန္ဒိယနိုင်ငံအဖို့ မွေးရာပါလွတ်လပ်ခွင့် တစ်မျိုး ဖြစ်ပြီး အနောက်တိုင်းသားတွေအဖို့ အကြိမ်ကြိမ်တိုက်ယူရတဲ့ လွတ်လပ်ခွင့် ဖြစ်ပါတယ်။ တကယ်လို့သာ ဗုဒ္ဓဟာ ဘာသာရေးလွတ်လပ်ခွင့်ကို မရခဲ့ဘူးဆိုရင် သံဃာ့အဖွဲ့အစည်း အလွယ်တကူပေါ်ပေါက်လာဖို့ လမ်းမမြင်ပါဘူး။ ဗုဒ္ဓနဲ့ခေတ်ပြိုင်ပေါ်ပေါက်ခဲ့တဲ့ ဘာသာရေး ဆိုင်ရာ အယူဝါဒအသီးသီးတွေဟာလဲ နာလန်ထူနိုင်စရာအကြောင်းမရှိပါဘူး။ အဲဒါကြောင့် ဗုဒ္ဓခေတ် အိန္ဒိယနိုင်ငံဟာ ဘာသာရေးဆိုင်ရာအယူအဆတွေ အမျိုးမျိုး ရှင်သန် အားကောင်းခဲ့တဲ့ ဝါဒအပေါင်းအစုံအရောအနှော (Syncretism) သဘောဆောင်တယ်လို့ ဆိုလို့ရပါတယ်။ အဲဒီဘာသာပေါင်းစုံ ဖွံ့ဖြိုးမှုကပဲ အိန္ဒိယနိုင်ငံရဲ့ အတွေးအခေါ်သမိုင်းကို အတိုင်းအတာတစ်ခုအထိ ရင့်ကျက်လေးနက်စေခဲ့တယ်ဆိုရင်လဲ မမှားပါဘူး။

ဘာသာရေးအချင်းချင်း အပြန်အလှန် ပွတ်တိုက်မှုတွေဟာ အိန္ဒိယလူ့အဖွဲ့ အစည်းရဲ့ ဘာသာရေးအတွေးအခေါ်တွေကို များစွာပြောင်လက်ထွန်းတောက်စေခဲ့တယ် ဆိုတာပါပဲ။ ဒါ ရှေးခေတ်အိန္ဒိယရဲ့ ဘာသာရေးဆိုင်ရာအယူအဆ လွတ်လပ်မှုကို မီးမောင်း ထိုးပြလိုက်တာပဲ ဖြစ်ပါတယ်။ ဘာသာရေးလွတ်လပ်ခွင့်ဆိုတဲ့ စကားလုံးကို အမေရိက ဖွဲ့စည်းပုံ အခြေခံဥပဒေကနေ အရှေ့တိုင်းကိုတင်သွင်းလာတဲ့အခါ ၂၁ ရာစု အရှေ့တိုင်း သားတွေအဖို့ စကားလုံးက အသစ်အဆန်းသဖွယ် ဖြစ်နေခဲ့တာ တွေ့ရပါတယ်။ ဗုဒ္ဓ ခေတ်ရဲ့ မျက်လုံးနဲ့ကြည့်ရင် ဒါက တောင်းယူစရာမလိုတဲ့ မွေးရာပါ လွတ်လပ်ခွင့်ဆိုတာ ပါပဲ။ မွေးရာပါ ဘာသာရေးလွတ်လပ်ခွင့်တွေဟာ ဘာကြောင့်ဆုံးရှုံးလိုက်ရသလဲဆိုရင် နယ်ချဲ့ဝါဒ (Imperialism)၊ ကိုလိုနီဝါဒ (Colonialism)၊ ဖက်ဆစ်စနစ် (Fascism) တွေကြောင့်လို့ပြောရင် ယုံမှားစရာ မဟုတ်ပါဘူး။ မွေးရာပါ လွတ်လပ်ခွင့်တွေကို စနစ်ဆိုး တွေက ဝါးမျိုသွားခဲ့တယ်ဆိုတာကို သတိချပ်ဖို့ပါ။

လွတ်လပ်ခွင့်ကိုပါ ဝါးမျိုသွားတာမဟုတ်ဘဲ စဦးစားချင့်ချိန်နိုင်တဲ့ ဦးနှောက် တွေကိုပါ အမှောင်ချခဲ့တာပါ။ ဦးနှောက်အမှောင်ချခံထားရမှုတွေနဲ့ ယဉ်ပါးသွားခဲ့တဲ့ အရှေ့တိုင်းဟာ မွေးရာပါလွတ်လပ်ခွင့်ဟာ တိုက်ယူမှသာ ရမဲ့အခွင့်အရေးတစ်ရပ်လို အသစ်အဆန်းဖြစ်သွားရခြင်းပဲ ဖြစ်ပါတယ်။

အဓိပ္ပာယ်ကို ပြန်ချုံ့ကြည့်ရင် အတွေးအခေါ်လွတ်လပ်မှု (Freedom of Thought) ဆိုတဲ့စကားဟာ ရှေးခေတ်အိန္ဒိယနဲ့ အတော်ယဉ်ပါး အသားကျပြီးသား


mgyoe.com

mgyoe.com SAMPLE BOOK

ဝေါဟာရဆိုတာ ငြင်းလို့မရပါဘူး။ အဲဒီအတွေးအခေါ်လွတ်လပ်မှုဟာ သိဒ္ဓတ္ထဆိုတဲ့ လူငယ်တစ်ဦးကို ဗုဒ္ဓဖြစ်ဖို့ လုံလောက်စေတဲ့အကြောင်းအရင်းတစ်ခုလဲ ဖြစ်စေခဲ့တယ် ဆိုတာကို ပြန်ဆင်ခြင်သင့်ပါတယ်။ ဗုဒ္ဓအဖြစ် သစ္စာတရား ၄ ပါးနဲ့ အနတ္တအမြင်ကို မုချဆက်ဆက်သိရဖို့အတွက် အိန္ဒိယကပေးထားတဲ့ အတွေးအခေါ်လွတ်လပ်မှုကနေ တစ်ဆင့် လုံလောက်စေခဲ့တာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ အိန္ဒိယဟာ အတွေးအခေါ် လွတ်လပ်မှုရဲ့ ဆုံချက်တွေ အားကောင်းချိန်ဖြစ်ပါတယ်။

ရှေးကာလကတည်းက အိန္ဒိယနိုင်ငံရဲ့ ဘာသာရေးလွတ်လပ်မှုဟာ လူ့အဖွဲ့ အစည်းအတွက် အတွေးအခေါ်တွေ၊ လူလားမြောက်အောင် ရင့်ကျက်နေခဲ့တယ်ဆိုရင် မမှားပါဘူး။ အတွေးအခေါ်တော်လှန်ရေးနဲ့ပတ်သက်ပြီး ဆက်စပ်စဉ်းစားကြတဲ့အခါ ဖိနှိပ်ခံ ရတဲ့ လူ့အဖွဲ့အစည်းရဲ့ ပုံသဏ္ဍာန်ကို မှန်းဆဖော်ထုတ်ကြပြီး လွတ်လပ်တဲ့ လူ့အဖွဲ့ အစည်းရဲ့ပုံစံကို မေ့လျော့မိနေတတ်ပါတယ်။ အိန္ဒိယဟာ ပြိုင်ဆိုင်မှုတွေ ပြင်းထန် အားကောင်းတဲ့ အတွေးအခေါ်လွတ်လပ်မှုတွေကြောင့်ပဲ အရောင်အသွေးစုံလင်တဲ့ လွတ်လပ်စွာကိုးကွယ်မှု (Freedom of Religion) ကို ကိုယ်စားပြုနေခဲ့တယ်ဆိုတာကို မမေ့ပစ်လိုက်ဖို့ လိုပါတယ်။

သာမန်အနောက်နိုင်ငံသားတစ်ယောက်ရဲ့ မျက်လုံးနဲ့ အိန္ဒိယရဲ့ မျက်မှောက် အခြေအနေတွေကိုကြည့်ပြီး အိန္ဒိယရဲ့ အတွေးအခေါ်လွတ်လပ်မှုကို မစေ့ငုဘဲ အထင် အမြင်သေးတဲ့ပုံစံနဲ့ မှတ်ချက်ပြုထားတာတွေကို ဆင်ခြင်ကြည့်ရင် လွတ်လပ်စွာကိုးကွယ်မှု၊ အတွေးအခေါ်အမျိုးမျိုး ထွန်းကားမှုနဲ့ ဘာသာရေးမျိုးစုံပေါ်ထွန်းခဲ့မှုကို ခြေရာခံရင် အိန္ဒိယကို ပစ်ပယ်စဉ်းစားလို့ မရဘူးလို့ ဆိုနိုင်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ဝါဒယှဉ်ပြိုင်မှုနဲ့ အငြင်းအခုံလုပ်ရတဲ့ ယဉ်ကျေးမှုဟာ အိန္ဒိယက လူ့အဖွဲ့အစည်းအတွက် မွေ့လျော်ယဉ်ပါး အသားကျပြီးသားကိစ္စလို့ ဆိုလို့ရပါမယ်။ အရှေ့တိုင်းသားတွေရဲ့ အတွေးအခေါ်လွတ်လပ်မှုက အနောက်တိုင်းသား ဂရိတွေထက် စောခဲ့တယ်ဆိုတဲ့အချက်က ထင်ရှားပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

# ဘာသာရေးလွတ်လပ်ခွင့်ဆိုတာ မွေးရာပါတန်ဖိုး

ဗုဒ္ဓခေတ် (၆၂၄ – ၅၄၄ ဘီစီ) အိန္ဒိယလူ့အဖွဲ့အစည်းကို သုံးသပ်ဆင်ခြင်ကြည့်တဲ့အခါ ဘာသာရေးနဲ့ အတွေးအခေါ်လွတ်လပ်ခွင့်ဆိုတာ အိန္ဒိယလူ့အဖွဲ့အစည်းအတွက် မွေးရာပါအခွင့်အရေးပဲဆိုတာ ထင်ရှားပါတယ်။ ရှေးခေတ်အိန္ဒိယဟာ ဘာသာရေးလွတ်လပ်ခွင့်ရှိပေမဲ့ ရှေးခတ်ဂရိဟာ ဘာသာရေးလွတ်လပ်ခွင့်ရော အတွေးအခေါ်လွတ်လပ်ခွင့်ပါ ရှိခဲ့ပါသလားဆိုတာကို ပြန်ငဲ့ မေးခွန်းထုတ်ကြည့်ဖို့လိုပါတယ်။

ဗုဒ္ဓခေတ်မှာ အိန္ဒိယဟာ ဘာသာရေးနဲ့ အတွေးအခေါ်လွတ်လပ်ခွင့်တွေ ဖော်ဆောင်ခွင့်ရခဲ့ပေမဲ့ ဂရိမှာ ဆိုကရေးတီးခေတ်လို့ဆိုနိုင်တဲ့ (၄၇၀ – ၃၉၉ ဘီစီ)မှာ ဆိုကရေးတီးရဲ့ လွတ်လပ်စွာတွေးခေါ်ခွင့်ဟာ ဘုရင်စနစ်ရဲ့ အဆိပ်ခွက်နဲ့ ထိပ်တိုက်တွေ့ခဲ့ရပြီး လူတစ်ဦးရဲ့ပုဂ္ဂလိကလွတ်လပ်ခွင့်ဟာ သေဆုံးပေးခဲ့ရတယ်။ လူတစ်ဦးတစ်ယောက်ရဲ့ အတွေးအခေါ်လွတ်လပ်ခွင့်ဟာ အုပ်ချုပ်သူဘုရင်စနစ်ရဲ့ လောင်းရိပ်အောက်ကနေ ရှောင်လွဲလို့မရခဲ့ဘူးဆိုတာကို တွေ့နိုင်ပါတယ်။ ဒါကြိမ်းသေပါတယ်။ ရှေးခေတ်ဂရိနိုင်ငံက အတွေးအခေါ်ရှုထောင့်တွေဟာ လွတ်လပ်ခွင့်သာရခဲ့မယ်ဆိုရင် ဆိုကရေးတီးဟာ အဆိပ်ခွက်နဲ့ ညားစရာအကြောင်း မရှိပါဘူး။

ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်ပြီး နှစ် ၅၄၄ ဘီစီကနေ အသေအချာပြန်တွက်ချက်ရင် ဗုဒ္ဓပရိနိဗ္ဗာန်စံပြီး ၇၄ နှစ်အကြာမှာ ဆိုကရေးတီးကိုမွေးခဲ့တယ်ဆိုပြီး တွက်ချက်ရင် အိန္ဒိယလူ့အဖွဲ့အစည်းရဲ့လွတ်လပ်မှုဟာ ဂရိတွေရဲ့အတွေးအခေါ်လွတ်လပ်မှုထက် နှစ်ဘယ်လောက်စောခဲ့တယ်ဆိုတာကို ပြန်တွက်ချက်သင့်ပါတယ်။

သံဃာ့အဖွဲ့အစည်းကို ဗုဒ္ဓစတင်ထူထောင်တဲ့ ၄၅ နှစ်ရယ်၊ နောက်ပိုင်း ဆိုကရေးတီးမွေးလာတဲ့ ၇၄ နှစ်ရယ်၊ အတွေးအခေါ်လွတ်လပ်ခွင့်မရှိဘဲ ရှင်သန်ဆုံးပါးခဲ့တဲ့

mgyoe.com

mgyoe.com SAMPLE BOOK

နှစ် ၅၁ နှစ်ရယ်ကိုပါ ထည့်ပေါင်းရင် ဗုဒ္ဓက အတွေးအခေါ်လွတ်လပ်ခွင့်နဲ့ သံဃာ့အဖွဲ့ အစည်းကိုထူထောင်ခဲ့ပြီးပေမဲ့ နောက်နှစ်ပေါင်း ၁၉၀ ထိတိုင် ဂရိက အတွေးအခေါ် လွတ်လပ်ခွင့်မရခဲ့ဘူးဆိုတဲ့သက်သေပါပဲ။

တွက်ချက်ကြည့်ပြီးပြောရင် –

| | |
|---|---|
| ဗုဒ္ဓဘုရားဖြစ်ပြီး ပရိနိဗ္ဗာန်စံဝင်တဲ့အထိ (၅၈၉ ဘီစီ – ၅၄၄ ဘီစီ) | ၄၅ နှစ် |
| ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် ဆိုကရေးတီးမွေးဖွားချိန် (၅၄၄–၄၇၀ ဘီစီ) | ၇၄ နှစ် |
| ဆိုကရေးတီး (၄၇၀–၃၉၉ ဘီစီ) | ၇၁ နှစ် |
| စုစုပေါင်း | ၁၉၀ နှစ် |

ဗုဒ္ဓစာပေလာ ဗုဒ္ဓထူထောင်ခဲ့တဲ့ သံဃာ့အဖွဲ့အစည်းထူထောင်ခဲ့တဲ့ကာလကို မှတည်ပြီး အထောက်အထားအဖြစ် တင်ပြထားခြင်းသာ ဖြစ်ပါတယ်။ ဗုဒ္ဓမတိုင်မီကပင် ဘာသာရေးကိုးကွယ်ယုံကြည်မှုကို လွတ်လပ်ခွင့်ပေးခဲ့တာလို့ ဆိုနိုင်ပါတယ်။

လူတစ်ဦးတစ်ယောက်ရဲ့ အတွေးအခေါ်လွတ်လပ်ခွင့်တွေကို အဲဒီခေတ်ကာလ ကတည်းကပဲ အုပ်ချုပ်သူလူတန်းစားနဲ့ အုပ်ချုပ်ခံလူတန်းစားတွေကပါ ကြောက်စရာ ကောင်းတဲ့ အသွင်အဖြစ် ပုံဖော်ခဲ့ကြပါတယ်။ အိန္ဒိယမှာတော့ အတွေးအခေါ် လွတ်လပ်ခွင့်ဆိုတာ အမျိုးသားနဲ့အမျိုးသမီးတွေပါ တန်းတူအခွင့်အရေးရခဲ့တဲ့ မွေးရာပါ လူတစ်ဦးရဲ့ တန်ဖိုးအဖြစ် ပုံပေါ်ခဲ့တယ်ဆိုတာကို မမေ့သင့်ပါဘူး။

အတွေးအခေါ်တွေကို အမေကျော်ပြီး ဒွေးတော်လွမ်းလွန်းတဲ့အခါ မူလရှိခဲ့ ပြီးသား ဗုဒ္ဓရဲ့ အတွေးအခေါ်လွတ်လပ်ခွင့်တွေကနေ သစ္စာထိုက်တဲ့ အမှန်တရားနဲ့ ပတ်သက်ပြီး ဘာတွေရခဲ့သလဲဆိုတာကို တိတိပပ မသိကြတော့ဘဲ ဟင်းရဲ့အရသာကို မသိတဲ့ ယောက်မကြီးလိုပဲ အနှစ်သာရမဲ့ခဲ့ကြရတယ်လို့ ဆိုရပါမယ်။ ဗုဒ္ဓကျမ်းစာတွေထဲက အဲဒီသက်သေတွေကိုထုတ်ပြရရင် ပိဋကတ်တော်ထဲက ခုဒ္ဒကနိကာယ်ထေရီဂါထာတွေ ထဲမှာ ဘဒ္ဒကုဏ္ဍလကေသာထေရီမအကြောင်းကို ဖော်ပြတဲ့အခါ သူရဲ့ခိုးသားယောကျ်ားက သူ့ကိုသတ်ဖြတ်ဖို့ ကြံစည်တဲ့အခါ လက်ဦးမှုရယူပြီး ခိုးသားယောကျ်ားကို ပြန်သတ်တယ်။ ပြီးတော့ အိမ်ရာထူထောင်တဲ့ လူ့ဘောင်ကိုစွန့်ပြီး အဝတ်ဖြူဝတ်တဲ့ဂိုဏ်းတွေဆီမှာ ပရိဗိုဇ်မ အဖြစ်ခံယူကာ ရဟန်းပြုခဲ့တယ်လို့ ဖော်ပြထားပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဘဒ္ဒကုဏ္ဍလကေသာ ပရိဗိုဇ်ပြုပြီးတဲ့အခါ ဂျိန်းအယူဝါဒကနေ ဗုဒ္ဓရဲ့ သံဃာ့အဖွဲ့အစည်းထဲမှာ သပြေခက်ကိုကိုင်ပြီး ဝါဒပြိုင်ဖို့ လှည့်လည်ခဲ့တယ်ဆိုတာကို တွေ့မြင်ရပါတယ် (ထေရီအပဒါန်၊ စာ ၅၂-၅၅)။ အမျိုးသမီးတစ်ယောက်ရဲ့ လွတ်လပ်စွာကိုယ့်ဘာသာတရားယုံကြည်ချက်အတွက် ပြောဆိုစည်းရုံးခွင့်ဟာ အိန္ဒိယရခဲ့တာ အတော်ကြာပြီလို့ပြောရမဲ့ အဓိပ္ပာယ်ပဲ ဖြစ်ပါတယ်။ အဲဒီခေတ်က အိန္ဒိယအုပ်ချုပ်ရေးစနစ်တွေဟာ အယူဝါဒလွတ်လပ်ခွင့်ကို တန်ဖိုးထားခဲ့တယ်ဆိုတာ တွေ့နိုင်ပါတယ်။ နောက်ပြီး နန္ဒုတ္တရာထေရီမဆိုရင်လဲ သူယုံကြည် တန်ဖိုးထားခဲ့တဲ့ အယူဝါဒကို လိုက်လံဝါဒပြိုင် စည်းရုံးခဲ့တာပါပဲ (ထေရီဂါထာပါဠိ။ စာ ၃၈၉ - ၃၉၀)။

ဝါဒယှဉ်ပြိုင်မှုနဲ့ အငြင်းအခုံလုပ်ရတဲ့ ယဉ်ကျေးမှုဟာ အိန္ဒိယက လူ့အဖွဲ့အစည်းအတွက် မွေ့လျော်ယဉ်ပါး အသားကျပြီးသားကိစ္စလို့ ဆိုလို့ရပါမယ်။ အရှေ့တိုင်းသားတွေရဲ့ အတွေးအခေါ်လွတ်လပ်မှုက အနောက်တိုင်းသားဂရိတွေထက် စောခဲ့တယ်ဆိုတဲ့ အချက်က ထင်ရှားပါတယ်။

ဗုဒ္ဓစာပေထဲမှာ ဗုဒ္ဓနဲ့ ဗြာဟ္မဏတွေရဲ့ စကားစစ်ထိုးခန်းတွေ အပြန်အလှန်ဆန်းစစ်လေ့လာကြည့်ရင် အိန္ဒိယဟာ အတွေးအခေါ်လွတ်လပ်မှု ဘယ်လောက်အားကောင်းခိုင်မာစေခဲ့သလဲဆိုတာကို ထောက်ဆနိုင်ပါတယ်။ အနောက်တိုင်းသားတွေကို ဒီမိုကရေစီကျင့်စဉ် အစပျိုးပေးခဲ့တဲ့ အေသင်နဲ့ဂရိဟာ အတွေးအခေါ်လွတ်လပ်ခွင့်မှာ နောက်ကျနေခဲ့ပါတယ်။

အတွေးအခေါ်လွတ်လပ်ခွင့်တွေကို အုပ်ချုပ်မှု၊ အစိုးရဆိုတဲ့ Government နဲ့ယှဉ်တွဲပြီး ပြန်စဉ်းစားခဲ့ရတာကြောင့် အစိုးရစနစ်တစ်ရပ်အားကောင်းမှ အတွေးအခေါ်လွတ်လပ်ခွင့်အားကောင်းနိုင်တယ်ဆိုတဲ့ အယူအဆမျိုး အနောက်နိုင်ငံသားအတွေးအခေါ်သမားတွေက ယူဆခဲ့ကြပါတယ်။

စနစ် System က လူတစ်ဦးချင်းရဲ့ လွတ်လပ်ခွင့်ကို ထိန်းချုပ်ထားတဲ့အခါ အတွေးအခေါ်သမားတွေက လွတ်လပ်မှုကို တန်ဖိုးထားတဲ့စနစ်မရှိဘဲ အတွေးအခေါ်တစ်ရပ် တည်ဆောက်ဖို့ဆိုတာ အန္တရာယ်များတယ်ဆိုတာကို သဘောပေါက်လာကြတယ်လို့ ဆိုရပါမယ်။


mgyoe.com

mgyoe.com SAMPLE BOOK

အတွေးအခေါ်လွတ်လပ်ခွင့်ကို ဂရိရဲ့ အုပ်ချုပ်ရေးက အဆိပ်ခွက်နဲ့ သေဒဏ်စီရင်ရလောက်အောင်အထိ ဘာကြောင့် ကြောက်လန့်ခဲ့ရသလဲ။ ဒါ ရှင်းပါတယ်။ အုပ်ချုပ်သူရဲ့အခွင့်အာဏာကို အချိန်မရွေးထိပါးနိုင်တဲ့ လွတ်လပ်တဲ့အတွေးအခေါ်ဟာ အုပ်ချုပ်သူတွေရဲ့ တည်ရှိမှုနဲ့ တည်မြဲမှုကိုပါ ခြိမ်းခြောက်နေသလို အုပ်ချုပ်သူရဲ့ ကိုယ်ကျင့်တရားနဲ့ ဉာဏ်အမြော်အမြင် အဆင့်အတန်းတွေကိုပါ မေးခွန်းထုတ်သလိုဖြစ်နေတဲ့အတွက် ထိတ်လန့်စရာဖြစ်စေခဲ့တယ်လို့ ဆိုရပါမယ်။

အရှေ့တိုင်းသားတွေရဲ့ အတွေးအခေါ်လွတ်လပ်မှုနဲ့ အနောက်တိုင်းသားတွေရဲ့ အတွေးအခေါ် လွတ်လပ်မှုဆိုတဲ့ အပိုင်းနှစ်ပိုင်းကို ဆစ်ပိုင်းကြည့်တဲ့အခါ ရှုထောင့်နှစ်ခု မတူတာတွေ တွေ့ရပါတယ်။ တန်ဖိုးထားပုံချင်း မတူတာတွေကို တွေ့ရပါတယ်။

အနောက်နိုင်ငံသား အတွေးအခေါ်ပညာရှင်တွေက အသက်ရှင်သန်ဖို့ တိုက်ပွဲဝင်နေရတဲ့စနစ်တစ်ခုရဲ့ လောင်းရိပ်ကနေ ရှင်သန်နိုးထလာကြတာ ဖြစ်ပါတယ်။ အဲဒါကြောင့်လဲ လူကိုလူချင်း ဖိနှိပ်ချုပ်ချယ်တဲ့ အယူအဆကနေ ပေါ်ထွက်လာတဲ့ အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံဆိုတဲ့ရှုထောင့်ကနေ အမြဲအလေးကဲ စဉ်းစားပြီး လူ့အဖွဲ့အစည်းကို ရှုမြင်လေ့ရှိတယ်။ ဒီအချက်ဟာ ပစ်ပယ်လို့မရတဲ့ အနောက်တိုင်းသမိုင်းကြောင်းတစ်လျှောက် ခြောက်လန့်နေခဲ့တဲ့ အနာတရတွေနဲ့ အရိပ်ဆိုးဖြစ်ပြီး အနောက်တိုင်းအတွေးအခေါ်ကို တစ်ချိန်လုံး လွှမ်းမိုးနေခဲ့တာ ဖြစ်ပါတယ်။ အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံဆိုတဲ့ အတွေးအခေါ်ဟာ State or Nation လို့ခေါ်တဲ့ နိုင်ငံတစ်ခုပေါ်မှာ ရပ်တည်နေရတဲ့ ရှင်သန်မှုကို အလေးပေးရတဲ့ စဉ်းစားချက်ကနေလာတာ ဖြစ်ပါတယ်။

အရှေ့တိုင်းသားတွေရဲ့ အတွေးအခေါ်တွေမှာ ဖိနှိပ်ခြင်းနဲ့ ဖိနှိပ်ခံရခြင်းဆိုတဲ့ စကားလုံးထက်ကျော်လွန်တဲ့ လွတ်လပ်စွာ အသက်မွေးမြူခွင့်ပေါ်မှာ ပိုတန်ဖိုးထားတတ်တာကို တွေ့ရပါတယ်။

ဗုဒ္ဓခေတ် အိန္ဒိယရဲ့သမိုင်းကို ပြန်ဆန်းစစ်ကြည့်ရင် ဘုရင်က ပြည်သူလူထုအပေါ် ဖိနှိပ်ချုပ်ချယ်ခဲ့သလားဆိုတဲ့ မေးခွန်းကို မေးမြန်းဖို့လိုပါတယ်။ ပဒေသရာဇာလို့ခေါ်တဲ့ ဗုဒ္ဓခေတ် အိန္ဒိယကိုကြည့်ရင် 'Monarchy' လို့ခေါ်တဲ့ သက်ဦးဆံပိုင် ဘုရင်စနစ်တွေရှိသလို၊ လက်အောက်ခံ (Sub King) ဘုရင်ခံတွေထားတဲ့ စနစ်လဲ ရှိပါတယ်။ နောက်ပြီး ဓနငွေကြေးအာဏာရှိသူတွေက စုပေါင်းအုပ်ချုပ်တဲ့ 'Oligarchy' စနစ်ကိုလဲ ကျင့်သုံးတာတွေ့ရပါတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

အိန္ဒိယရဲ့ အုပ်ချုပ်ရေးစနစ်ဟာ တစ်သမတ်တည်း အခြေတကျတည်ဆောက်ထားတဲ့ အုပ်ချုပ်ရေးစနစ်မဟုတ်ဘဲ အုပ်ချုပ်ရေးစနစ်အမျိုးမျိုး ရောပြွမ်းလွန်းတဲ့ လက္ခဏာရပ်တွေကို တွေ့ရပါတယ်။ ဒါက အိန္ဒိယရဲ့ လွတ်လပ်တဲ့အုပ်ချုပ်ရေးစနစ်က လွတ်လပ်တဲ့ လူ့အဖွဲ့အစည်းကို မွေးဖွားခဲ့တယ်ဆိုတာကို တွေ့ရပါတယ်။

ဘာကြောင့် အုပ်ချုပ်ရေးစနစ်က လွတ်လပ်သလဲဆိုရင် မဟာဘာရတလိုကျမ်းမျိုးတွေ၊ ဝေဒကျမ်းလို ကျမ်းမျိုးတွေက အိန္ဒိယရဲ့ ဘာသာရေးခေါင်းဆောင်တွေအတွက် နာမ်အာဟာရအနေနဲ့ သင်ယူတတ်မြောက်ထားရတဲ့ သေနင်္ဂဗျူဟာတွေဆိုတာပါပဲ။ အဲဒါကြောင့် အိန္ဒိယဟာ အုပ်ချုပ်ရေးမှာ ရင့်ကျက်လူလားမြောက်ပြီးသား သက်သေသာဓကတွေလို့ ဆိုနိုင်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ဗုဒ္ဓခေတ် အိန္ဒိယလူ့အဖွဲ့အစည်းထဲမှာ လူတန်းစားစနစ်ဖွင့်ဆိုချက်တွေကို ဗုဒ္ဓက အကောင်းဆုံးတော်လှန်ခဲ့တဲ့သက်သေကိုပြပါဆိုရင် သံဃာ့အဖွဲ့အစည်းက  အကောင်းဆုံးသက်သေပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

# ဘာသာမဲ့ (Atheism) ဆိုတဲ့အတွေးအခေါ်

ဘာသာမဲ့ (Atheism) ဆိုတဲ့အတွေးအခေါ်ဟာ ဘီစီ ၆ ရာစုနဲ့ ၅ ရာစုလောက်ကတည်းက ဥရောပနဲ့ အာရှမှာ စတင်ပေါ်ပေါက်လာခဲ့တဲ့ အယူအဆအဖြစ် ထင်ရှားပါတယ်။ ရှေးခေတ် ဂရိမှာ ပြဇာတ်ဆရာတွေက နတ်ဘုရားတည်ရှိမှုနဲ့ပတ်သက်ပြီး သံသယရှိပုံကို ထုတ်ဖော်ခဲ့ကြပြီး အိန္ဒိယနိုင်ငံမှာ ပေါ်ထွန်းခဲ့တဲ့ စာရ်ဝါက (Cârvâka) ဂိုဏ်းကတော့ ဘာသာအယူဝါဒကနေ ပေါ်ပေါက်လာတဲ့ နတ်ဘုရားတွေနဲ့ ဖန်ဆင်းရှင်တွေကိုဆန့်ကျင်တဲ့ ဂိုဏ်းလဲဖြစ်ပါတယ်။ ဒီအတွေးအခေါ်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၆၀၀ လောက်က တက္ကီလို့ခေါ်တဲ့ အစဉ်အလာဖောက်ထွက်လာသူ သမဏတွေက နတ်ဘုရားကိုးကွယ်မှုကို ဆန့်ကျင်မှုစတင်လိုက်ကတည်းက ယဉ်ပါးပြီးသား ဝေါဟာရပါပဲ။

ဘာသာမဲ့ဆိုတဲ့ ဝေါဟာရအရင်းအမြစ်ကို တူးဖော်ကြည့်တဲ့အခါ ရှေးဟောင်းဂရိဘာသာစကားမှာပါတဲ့ နာမဝိသေသန átheos (áèåìòò , ဟာ á နဲ့ èåìòò နတ်ဘုရား "God" ) ဖြစ်ပြီး အဓိပ္ပာယ်က 'နတ်ဘုရားမဲ့ဝါဒ' ဒါမှမဟုတ် 'ဘုရားမဲ့ဝါဒ'လို့ အဓိပ္ပာယ်ရှိပါတယ်။ အဲဒီဝေါဟာရကို ဘုရားမဲ့ (Ungodly) ဒါမှမဟုတ် အဝိဇ္ဇာ (Impious) လို့ဆိုပြီး အပြစ်တင်ရှုတ်ချဖို့အတွက် ပထမဆုံးအသုံးပြုခဲ့တာ ဖြစ်ပါတယ်။ ခရစ်တော်မပေါ်မီ ၅ ရာစုမှာ 'အေသီအိုစ်'ဆိုတဲ့ ဝေါဟာရဟာ ဘုရားနဲ့ဆက်ဆံရေးဖြတ်တောက်ခြင်း ဒါမှမဟုတ် နတ်ဘုရားတွေကို ငြင်းပယ်ခြင်းဆိုတဲ့ သဘောမျိုးဖြစ်ပြီး ဘုရားမဲ့မှုဖြစ်မှု (Godlessness) ကို ရည်ညွှန်းတဲ့စကားလုံးအဖြစ် စတင်ဖော်ပြခဲ့ကြပါတယ်။

ဂန္ထဝင်စာပေကျမ်းတွေကို ယနေ့ခေတ်ဘာသာပြန်တွေမှာ အေသီအိုစ် 'átheos' ဆိုတဲ့ဝေါဟာရကို အေသီစတစ် 'atheistic' လို့ ဘာသာပြန်ခဲ့ကြပါတယ်။ အဲဒါကြောင့် စိတ္တဇနာမ်အဖြစ် áèåüôçò (atheotçs) ၊ 'ဘုရားမဲ့ဝါဒ' (atheism) အဖြစ် သုံးစွဲလာခဲ့ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မာကပ်စ်တာလီယပ်စ်စိစဲလို (Marcus Tullius Cicero) (၁၀၆–၄၃ ဘီစီ) ဆိုတဲ့ ရောမနိုင်ငံရေးသမားက ဂရိဝေါဟာရ 'átheos' ကို လက်တင်ဘာသာအဖြစ် အက္ခရာလှယ်ခဲ့ပါတယ်။ အစောပိုင်း ခရစ်ယာန်ဘာသာရေးသမားတွေနဲ့ ဂရိစာပေသမားတွေအကြား ဆွေးနွေးငြင်းခုံမှု မကြာခဏပေါ်ပေါက်ခဲ့တဲ့ အသုံးအနှုန်းတစ်ရပ်ဖြစ်ခဲ့ပါတယ်။



နောက်ပိုင်း အေသီစ် (atheist) ဆိုတဲ့ ဝေါဟာရဟာ ပြင်သစ်ဘာသာစကားရဲ့ ဝေါဟာရအရ အသီး (athée) ကနေ ပေါ်ပေါက်လာခဲ့တာ ဖြစ်ပါတယ်။ ဆိုလိုချင်တာက 'နတ်ဘုရား' ဒါမှမဟုတ် 'ဘုရားသခင်တည်ရှိခြင်းကို ငြင်းပယ်သူ'လို့ အနက်အဓိပ္ပာယ်ရပါတယ်။ နောက်ပိုင်းမှာ atheism ဆိုတဲ့ အင်္ဂလိပ်ဝေါဟာရမှာ ဘုရားမရှိတဲ့ ဝါဒအဖြစ် အေဒီ ၁၅၆၆ မှာ စတင်သုံးစွဲခဲ့တာဖြစ်ပြီး အေဒီ ၁၅၇၁ မှာ နောက်တစ်ကြိမ် ပထမဦးဆုံးသုံးစွဲဖော်ပြခဲ့တယ်လို့ အာသာဂိုလ်းဒင်း (Arthur Golding) ရဲ့ *'The Psalms of David and others, with J. Calvin's commentaries'* မှာ ဖော်ပြခဲ့ပါတယ်။

**ဘာသာမဲ့ ဒါမှမဟုတ် ဘုရားမဲ့ အတွေးအခေါ်တစ်ခု ပေါ်ပေါက်လာတာဟာ အစဉ်အလာ အတွေးအခေါ်တွေကနေ ဖိသွင်းထားတဲ့ မှီခိုခံအတွေးအခေါ်ကနေ မိမိကိုယ်တိုင် စဉ်းစားဆုံးဖြတ်ဆင်ခြင်နိုင်တဲ့ လွတ်လပ်မှုအတွေးအခေါ်ကို ကူးပြောင်းလာတဲ့ ဖြစ်စဉ်ဖြစ်ပါတယ်။** ဒီအချက်က အသိဉာဏ်တန်ဖိုးလွတ်လပ်မှုနဲ့ လူသားတစ်ယောက်ရဲ့ အခန်းကဏ္ဍကို အသိအမှတ်ပြုတဲ့ လူသားပီသလာတဲ့ ဖြစ်စဉ်လို့ ဆိုနိုင်ပါတယ်။

ဒီလိုမျိုး ကိုးကွယ်မှု နှီသက်ခံစွဲနေတဲ့ အမှီအခိုခံအတွေးအခေါ်တွေကို စွန့်လွှတ်မှသာ လူသားတန်ဖိုး၊ လူသားစွမ်းရည်တွေ၊ လူသားဉာဏ်ရည်တွေကို လွတ်လပ်တဲ့အမြင်နဲ့ ပွင့်ပွင့်လင်းလင်း မြင်တွေ့ခဲ့ရတာမျိုး ဖြစ်ပါတယ်။ အဓိကကတော့ ကိုးကွယ်ယုံကြည်မှု

mgyoe.com

mgyoe.com SAMPLE BOOK

အမျိုးမျိုးကလာတဲ့ အစဉ်အလာတန်ဖိုးတွေနဲ့ သတ်မှတ်ပြဋ္ဌာန်းခံထားရတဲ့ 'လူ'ဆိုတဲ့ အဓိပ္ပာယ်ကနေ ပထမဦးစွာ ဖောက်ထွက်စဉ်းစားဖို့ပါပဲ။

အဲဒီ 'အနုဿဝိကာ'လို့ခေါ်တဲ့ အစဉ်အလာသမားတွေက အမျိုး ၄ ပါးဆိုတဲ့ အတွေးအခေါ်တွေနဲ့ လူတန်းစားခွဲခြားပြီး လူတွေကို သတ်မှတ်ပြဋ္ဌာန်းခံ၊ အမိုအနိုခံ ဘဝတွေအဖြစ် အကြောက်တရားနဲ့ သွတ်သွင်းခဲ့ပြီး လူအဖြစ်ကနေ လျော့ကျသွားတာကို Dehumanization လို့ခေါ်ပါတယ်။

**ကိုးကွယ်တဲ့ဝါဒတွေမှာ အဖိနှိပ်ခံ၊ အမိုနိုခံအဖြစ်မွေးမြူတဲ့ ဘာသာရေးနဲ့ အဖိနှိပ်ခံ၊ အမိုအနိုခံဘဝကို ဆန့်ကျင်ဖောက်ထွက်တဲ့ ဘာသာရေးဆိုပြီး ခွဲကြည့်နိုင်ပါတယ်။**

လူသားတစ်ဦးဖြစ်ခြင်းဟာ သတ်မှတ်ပြဋ္ဌာန်းခံလား၊ ဒါမှမဟုတ် သတ်မှတ်ပြဋ္ဌာန်းမှုကနေ လွတ်မြောက်သူလားဆိုတာ စဉ်းစားသုံးသပ်ဖို့လိုပါတယ်၊ သတ်မှတ်ပြဋ္ဌာန်းခံကို ယုံကြည်လိုက်တာနဲ့ လူရဲ့အသိဉာဏ် (Intellectual Vaule) ဟာ အမိုအနိုခံဘဝ အဖြစ် အရိုးထုပ်ဖို့ စဉ်းစားလိုက်တဲ့အတွက် လူသားတစ်ယောက်ရဲ့စွမ်းရည်ဟာ လျော့ပါးသွားလေ့ရှိတယ်လို့ ထုတ်ဖော်ကြပါတယ်။

ဒါဆို ဗုဒ္ဓက အမိုအနိုခံတွေအဖြစ် မွေးထုတ်နေခဲ့သလား၊ ဒါမှမဟုတ် အမိုအနိုခံ ဘဝကနေ လွတ်မြောက်ဖို့ ဖောက်ထွက်ခဲ့သူလားဆိုတာ ပြန်သုံးသပ်ဖို့လိုပါလိမ့်မယ်။ ဗုဒ္ဓခေတ် အိန္ဒိယလူ့အဖွဲ့အစည်းထဲမှာ လူတန်းစားစနစ်ဖွင့်ဆိုချက်တွေကို ဗုဒ္ဓက အကောင်းဆုံးတော်လှန်ခဲ့တဲ့သက်သေကို ပြပါဆိုရင် သံဃာ့အဖွဲ့အစည်းက အကောင်းဆုံး သက်သေပါပဲ။ သံဃာ့အဖွဲ့အစည်းဆိုတာ အိန္ဒိယရဲ့ လူတန်းစားခွဲခြားမှုကို တော်လှန်ခဲ့တဲ့ အမှတ်သင်္ကေတဖြစ်ပါတယ်။ သံဃာ့အဖွဲ့အစည်းက လွတ်လွတ်လပ်လပ် လူဖြစ်ခွင့်ရဖို့ အတွက် အိန္ဒိယအစဉ်အလာ အယူအဆဟောင်းတွေနဲ့ ဖွင့်ဆိုထားတဲ့ အဓိပ္ပာယ်တွေနဲ့ ရင်ဆိုင်ခဲ့ရတာကို အောက်မှာ မြင်ကြည့်နိုင်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ဖန်ဆင်းရှင်မဲ့ဝါဒ 'Atheism' ဆိုတာကို ခံယူလိုက်ပြီဆိုတာနဲ့ အဲဒီ အယူဝါဒ ထောင်ချောက်ထဲမှာ ပိတ်မိကျန်နေခဲ့မယ်ဆိုရင် ဒါက လူ့အသိဉာဏ်လွတ်မြောက်မှုအတွက် ခလုတ်ကန်သင်းပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

# ဗုဒ္ဓဟာ ဘာသာမဲ့တစ်ဦးလား

အနောက်နိုင်ငံသားတွေ မေးခွန်းထုတ်လေ့ရှိတဲ့ ဒီမေးခွန်းက အန္တရာယ်များလွန်းတဲ့မေးခွန်းပါပဲ။ Atheism ဆိုတာ ဘုရားမရှိဘူးဆိုတာကို လက်ခံတဲ့ဝါဒပဲ။ ဒီ Atheism ဆိုတဲ့ စကားလုံးမှာ ဘုရားမဲ့ဆိုတဲ့စကားလုံးက ဖန်ဆင်းရှင်ကိုစွန့်ပယ်လိုတဲ့ အယူကနေ ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။

ဗုဒ္ဓက ဖန်ဆင်းရှင် (The Creator) ဝါဒကို လက်ခံခဲ့တာမဟုတ်တဲ့အတွက် ဗုဒ္ဓကို အနောက်နိုင်ငံသားတွေက ဘုရားမဲ့ဝါဒသမားလို့ မဆိုနိုင်ဘူးလားဆိုတဲ့မေးခွန်းပါ။ ဖန်ဆင်းရှင်ဘုရားကို မယုံကြည်သူထဲမှာ ဗုဒ္ဓက ထင်ရှားတဲ့ ရှေးခေတ်အိန္ဒိယ သံဃာ့အဖွဲ့အစည်းခေါင်းဆောင်တစ်ဦးဆိုတာကိုတော့ အထူးတင်ပြဖို့ လိုမယ်မထင်ပါဘူး။ ဖန်ဆင်းရှင်ကို မယုံကြည်တိုင်း ဘာသာမဲ့ဆိုတဲ့ခေါင်းစဉ်ကို တပ်သင့်ပါသလားဆိုတဲ့ မေးခွန်းကလဲ ပြန်ထုတ်သင့်တဲ့မေးခွန်းပါပဲ။ ဒီမေးခွန်းပေါ်လာတာဟာ အင်္ဂုတ္တိုရ်ပုဏ္ဏားကို ဗုဒ္ဓကိုယ်တိုင်ပြောကြားခဲ့တဲ့စကားကို ထောက်ဆပြီး ဆင်ခြင်သုံးသပ်စရာပေါ်လာတဲ့စကား ဖြစ်ပါတယ်။

ဘာသာမဲ့တစ်ဦးဖြစ်ဖို့ဆိုတာ သာမန်ဆင်ခြင်တဲ့ အသိတရားအဓိပ္ပာယ်လောက်နဲ့ ဖြစ်လာလို့မရဘူး။ ဘာသာမဲ့တစ်ဦးဟာ ဒီဘဝကိုပဲယုံတယ်၊ နောက်ဘဝကို မယုံဘူးဆိုတဲ့ ယုံကြည်မှုကို အထောက်အထားခိုင်ခိုင်လုံလုံမရှိဘဲနဲ့ ပြောလိုက်ရုံနဲ့ ဘာသာမဲ့ဖြစ်လာတာ မဟုတ်ဘူးဆိုတဲ့အချက်ပါ။ လက်ရှိအဓိပ္ပာယ်ကနေ တာဝန်ခံရမှာကြောက်ပြီး တာဝန်ရှောင်လွှဲချင်လို့ စကားလုံးအရပြောလိုက်ရုံနဲ့ ဘာသာမဲ့တစ်ဦး ဖြစ်သွားတာ မဟုတ်ပါဘူး။ သူ့မှာ လူ့အဖွဲ့အစည်းအတွက် ငါ ဘယ်ကဏ္ဍကနေ တာဝန်ယူပေးမယ်ဆိုတဲ့ ကျယ်ပြန့်တဲ့ အသိတရား ရှိပါတယ်။

ဗုဒ္ဓက ဘာသာမဲ့လားဆိုတဲ့မေးခွန်းကို ဆန်းစစ်ကြည့်ဖို့ အရင်လိုပါတယ်။ မဇ္ဈိမနိကာယ်၊ အင်္ဂုတ္တိုရ်သုတ်မှာ အင်္ဂုတ္တိုရ်ပုဏ္ဏားက ဗုဒ္ဓကို ညှပ်ပူးညှပ်ပိတ် ချောက်ချတဲ့မေးခွန်းကို ဘယ်လိုမေးသလဲဆိုရင် –

mgyoe.com

mgyoe.com SAMPLE BOOK

၁။ ''အရှင်ဂေါတမ – လောကဟာမြဲတယ်။ ဒီအယူပဲမှန်တယ် တခြားအယူတွေက အချည်းအနှီးတွေပဲဆိုပြီး ယူထားပါသလား''တဲ့။

ဗုဒ္ဓက ဘယ်လိုတုံ့ပြန်သလဲဆိုရင် ''ဝစ္ဆလောကဟာမြဲတယ်။ ဒီအယူပဲ မှန်တယ် တခြားအယူတွေက အချည်းအနှီးတွေပဲဆိုပြီး ငါ အဲဒီလို အယူမရှိပါဘူး''တဲ့။ အဂ္ဂိဝစ္ဆပုဏ္ဏားက ဆက်မေးတယ်။

၂။ ''အရှင်ဂေါတမ – လောကဟာ မမြဲဘူး၊ ဒီအယူပဲမှန်တယ် တခြားအယူတွေက အချည်းအနှီးတွေပဲဆိုပြီး အဲဒီလိုယူထားပါသလား''တဲ့။

ဗုဒ္ဓက ဘယ်လိုတုံ့ပြန်သလဲဆိုရင် ''လောကဟာ မမြဲဘူး၊ ဒီအယူပဲမှန်တယ် တခြားအယူတွေက အချည်းအနှီးတွေပဲဆိုပြီး ငါ အဲဒီလိုအယူ မရှိပါဘူး''တဲ့။

ဗုဒ္ဓကို ဘယ်လိုအယူဝါဒသမားလဲဆိုတာသိချင်လို့ အဂ္ဂိဝစ္ဆပုဏ္ဏားထုတ်တဲ့ မေးခွန်းက ၁၀ ချက်ရှိပါတယ်။ အဲဒီလိုမေးခဲ့တာကို အကျဉ်းချုံ့ကြည့်ရင် –

၃။ ''လောကဟာ အဆုံးရှိတယ်''ဆိုတာကို လက်ခံတဲ့ အယူဝါဒသမားလား။

၄။ ''လောကဟာ အဆုံးမရှိဘူး''ဆိုတာကို လက်ခံတဲ့ အယူဝါဒသမားလား။

၅။ ''ဒီအသက်ဟာ ဒီကိုယ်ကောင်ဖြစ်တယ်''ဆိုတာကို လက်ခံတဲ့ အယူဝါဒ သမားလား။

၆။ ''အသက်ကတခြား ကိုယ်ကောင်ကတခြား''ဆိုတာကို လက်ခံတဲ့ အယူဝါဒ သမားလား။

၇။ ''သတ္တဝါဆိုတာ သေပြီးရင် နောက်ဘဝဆိုတာရှိတယ်'' ဆိုတာကို လက်ခံတဲ့ အယူဝါဒသမားလား။

၈။ ''သတ္တဝါတွေဟာ သေပြီးရင် နောက်ဘဝမရှိဘူး''ဆိုတာကို လက်ခံတဲ့ အယူဝါဒသမားလား။

၉။ ''သတ္တဝါဆိုတာ သေပြီးရင် နောက်ဘဝဖြစ်လဲဖြစ်တယ်၊ ဖြစ်လဲမဖြစ်ဘူး'' ဆိုတာကို လက်ခံတဲ့ အယူဝါဒသမားလား။

၁၀။ ''သတ္တဝါဆိုတာ သေပြီးရင် နောက်ဘဝဖြစ်တာလဲမဟုတ် မဖြစ်တာလဲမဟုတ်'' ဆိုတာကို လက်ခံတဲ့ အယူဝါဒသမားလား ဆိုပြီး မေးပါတယ်။

ဒီမေးခွန်း ၁၀ ချက်ကိုကြည့်ရင် ဗုဒ္ဓခေတ် အိန္ဒိယမှာ အဲဒီအချိန် သွားနေတဲ့ အယူဝါဒတွေကို မီးမောင်းထိုးပြနေတာ ဖြစ်ပါတယ်။ အဲဒီအယူဝါဒသမားတွေနဲ့ အယူအဆ


mgyoe.com

mgyoe.com SAMPLE.BOOK

အတူတူပဲလားဆိုတာ အဂ္ဂိဝစ္ဆပုဏ္ဏားက မေးခွန်းထုတ်နေတာ ဖြစ်ပါတယ်။ အဲဒီမေးခွန်းတွေဟာ ဗုဒ္ဓခေတ်မှာ ခေတ်ပြိုင်ပေါ်ပေါက်ခဲ့တဲ့ ကိုးကွယ်ယုံကြည်မှုဂိုဏ်းဂဏတွေကို ကိုယ်စားပြုနေတဲ့ အယူဝါဒအသီးသီးဖြစ်တယ်ဆိုတဲ့ သက်သေပါပဲ။ အဲဒီအယူဝါဒအသီးသီးကို ဗုဒ္ဓက စွန့်ပယ်ပြီးမှ အိန္ဒိယမှာ ဉာဏ်အလင်းကို ရခဲ့တာဖြစ်ပါတယ်။ ဗုဒ္ဓက အယူဝါဒကို ဆုပ်ကိုင်သူမဟုတ်ဘူး၊ အယူဝါဒကို စွန့်လွှတ်သူသာ ဖြစ်ပါတယ်။ အယူဝါဒအားလုံးကနေ လွတ်မြောက်သူဖြစ်တယ်။ အယူဝါဒတစ်ခုခုကိုသာ ဆုပ်ကိုင်ထားရင် အဲဒီအယူဝါဒက သူ့ကို အကျဉ်းချထားလိမ့်မယ်ဆိုတာကို ဗုဒ္ဓ နားလည်ခဲ့သူဖြစ်ပါတယ်။ ဗုဒ္ဓက အဂ္ဂိဝစ္ဆပုဏ္ဏားကို အယူဝါဒကို စွန့်ပယ်သူသာဖြစ်တယ်၊ အယူဝါဒကို ဆုပ်ကိုင်ထားသူမဟုတ်ဘူးလို့ အတိအလင်းကြေညာခဲ့တာကို တွေ့ရပါတယ်။

အပေါ်မေးခွန်းကိုပြန်ကောက်ရရင် ဗုဒ္ဓက 'Atheism' လားဆိုရင် ကြိမ်းသေတာက ဗုဒ္ဓက ဖန်ဆင်းရှင်ကိုတွန်းလှန်တာဖြစ်တဲ့အတွက် ဖန်ဆင်းရှင်မဲ့ဆိုတဲ့ အဲဒီတော်လှန်ရေးရှုထောင့်ကနေကြည့်ရင် 'Atheism' ကို ကြေညာကြက်ခဲ့တယ်လို့ ဆိုရပါမယ်။ အယူဝါဒအားလုံးကို စွန့်လွှတ်ထားတယ်ဆိုတဲ့ အယူရှုထောင့်ကနေပြန်ကြည့်ရင် 'Atheism' ဆိုတာ အယူဝါဒတစ်မျိုးဖြစ်တဲ့အတွက် ဗုဒ္ဓက အယူဝါဒမှန်သမျှ ငြင်းပယ်တယ်ဆိုတဲ့အချက်ပါပဲ။

ဖန်ဆင်းရှင်မဲ့ဝါဒ 'Atheism' ဆိုတာကို ခံယူလိုက်ပြီဆိုတာနဲ့ အဲဒီအယူဝါဒထောင်ချောက်ထဲမှာ ပိတ်မိကျန်နေခဲ့မယ်ဆိုရင် ဒါက လူ့အသိဉာဏ်လွတ်မြောက်မှုအတွက် ခလုတ်ကန်သင်းပါပဲ။

ဗုဒ္ဓက ဖန်ဆင်းရှင်မဲ့ဝါဒကို တော်လှန်ရေးတစ်ရပ်လို့သာ ရှုမြင်ခဲ့ပြီး ကိုးကွယ်ရာအဖြစ် မခံယူဘူးဆိုတာ ထင်ရှားပါတယ်။

ဗုဒ္ဓက အယူဝါဒကို စွန့်ပယ်သူဆိုရင် ဗုဒ္ဓကအနတ္တဝါဒကို တင်သွင်းခဲ့တာကို ရောလို့ စောဒကတက်နိုင်ပါတယ်။ တကယ်တော့ ဗုဒ္ဓက အနတ္တကို ဝါဒအဖြစ် သွတ်သွင်းခဲ့သူမဟုတ်ပါဘူး။ အနတ္တကို အမြင်အဖြစ်သာ ဖြန့်ဝေခဲ့သူသာ ဖြစ်ပါတယ်။ ဗုဒ္ဓက အနတ္တဝါဒဆိုတဲ့ စကားလုံးထက် အနတ္တအမြင်ကို ထုတ်ဖော်သူလို့သာ ပိဋကတ်တော်အဓိပ္ပာယ်အရ နားလည်ထားစေလိုပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ဇာတ်စနစ်ခွဲခြားတဲ့ လူတန်းစားခွဲခြားမှုဟာ အဲဒီခေတ်အခါကာလက အိန္ဒိယနိုင်ငံတစ်ခုတည်းကွက်ပြီး ကျင့်သုံးနေတာမဟုတ်ဘဲ ကမ္ဘာ့လူသားတွေရဲ့ အသိဉာဏ်မပွင့်လင်းတဲ့ကာလမှာ ပေါ်ပေါက်ခဲ့တဲ့ လူ့အဖွဲ့အစည်းခွဲခြားမှုပြယုဂ်တွေအဖြစ် ဖော်ထုတ်နိုင်ပါတယ်။ ဆိုလိုတာက အဲဒီခေတ် ကမ္ဘာ့လူ့အဖွဲ့အစည်းမှာ လူတန်းစားခွဲခြားမှုဆိုတဲ့ အယူအဆဟာ ရှေ့တန်းမှာရှိနေခဲ့တာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

# အမျိုး ၄ ပါးနဲ့ပတ်သက်ပြီး ဖွင့်ဆိုချက်

**ဗြာဟ္မဏ**

ယုတ်ညံ့တဲ့အကုသိုလ်ကို မျှောတဲ့အတွက်ကြောင့် ဗြာဟ္မဏလို့ခေါ်ကြတာ ဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီဗြာဟ္မဏတွေဟာ တောအရပ်မှာ သစ်ရွက်မိုးကျောင်းတွေ လုပ်ပြီး အဲဒီကျောင်းတွေမှာ ဈာန်ဝင်စားကြပါတယ်။ အဲဒီဗြာဟ္မဏတွေဟာ ညဥ့်အခါ ညဥ့်စာ၊ မနက်အခါ မနက်စာ လိုအပ်တာကြောင့် ရွာ၊ နိဂုံး၊ မင်းနေပြည်တော်တွေကို အစာရှာဖို့ ဝင်ကြပြီး အစာရတဲ့အခါ တစ်ဖန် တောအရပ်မှာရှိတဲ့ သစ်ရွက်မိုးကျောင်းမှာ ဈာန်ဝင်စားတာကြောင့် 'ဈာယက' (ဈာန်ဝင်စားသူ)လို့လဲခေါ်ကြပါသေးတယ်။ နောက်ပိုင်း ဗြာဟ္မဏတွေဟာ တောအရပ်က သစ်ရွက်မိုးကျောင်းတွေမှာ ဈာန်တရားအားထုတ်လို့ မရတာကြောင့် ရွာ၊ နိဂုံးအနီးဝင်ပြီး ဝေဒကျမ်းကို ပြုစုပို့ချလျက်ရှိတာကြောင့် ဈာန်မရနိုင်တဲ့ပုဂ္ဂိုလ်ဆိုပြီး အကြောင်းပြုတာကြောင့် 'အဇ္ဈာယက'လို့ခေါ်ကြောင်း ဖော်ပြထားပါတယ်။ ဗြာဟ္မဏကို ဈာန်အကျင့်ကျင့်သူကနေ ဝေဒပို့ချသူအဖြစ် တဖြည်းဖြည်း ခေါ်ဝေါ်လာခဲ့ကြကြောင်း ဖော်ပြထားပါတယ်။ ဒီဖော်ပြချက်ကိုကြည့်ရင် ဗုဒ္ဓခေတ်မှာ ဝေဒကျမ်းတွေကို ဗြာဟ္မဏတွေ ပို့ချနေတယ်ဆိုတဲ့ အထောက်အထားတစ်ခုလဲ ဖြစ်ပါတယ်။ တောအရပ်ကိုမှီရာကနေ မြို့အရပ်ကိုမှီပြီး တဖြည်းဖြည်း အကျင့်တွေ လျော့ကျသွားတယ်ဆိုတဲ့ သက်သေလဲဖြစ်ပါတယ်။

ဗုဒ္ဓဟာ ဝေဒကျမ်းကိုယုံကြည်သူလားဆိုတဲ့ မေးခွန်းကို ပြန်လည်ဆန်းစစ်ရရင် ဝါသေဋ္ဌပုဏ္ဏားကို ပြောတဲ့စကားက သက်သေခံပါလိမ့်မယ်။ ဗုဒ္ဓက ဝါသေဋ္ဌပုဏ္ဏားကို ဘာတွေပြောသလဲဆိုရင် "ရှေးတုန်းကတော့ ဝေဒကျမ်းတွေကို ပို့ချတာဟာ ယုတ်ညံ့တယ်လို့ ဆိုကြတယ်။ ယခုတော့ အဲဒီဝေဒကျမ်းတွေကို ပို့ချတာ မြတ်တယ်ဆိုပြီး ပြောကြတယ်" ဆိုပြီး ထောက်ပြပါတယ်။ ဗုဒ္ဓ ပိဋကတ်တော်အရ ထောက်ဆရင်

mgyoe.com

mgyoe.com SAMPLE BOOK

ဒီအချက်က ဈာန်လမ်းဖြစ်လိုက်၊ ဝေဒပို့ချတဲ့လမ်းဖြစ်လိုက်ဖြစ်နေတဲ့ ဗြာဟ္မဏရဲ့ ရပ်တည်မှုကို ထောက်ပြနေတာဖြစ်ပါတယ်။ ဗုဒ္ဓဟာ ဝေဒကိုဆုပ်ကိုင်သူမဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်။ ဝေဒကျမ်းကို စွန့်ပယ်သူဆိုတာပါပဲ။ ဗုဒ္ဓဟာ ဝေဒနဲ့ပတ်သက်တဲ့ အားနည်းချို့ယွင်းချက်တွေကို ထောက်ပြတာကိုကြည့်ရင် ဝေဒန္တဂိုဏ်း ဗြာဟ္မဏတွေနဲ့ တိတိပပလမ်းခွဲခဲ့တဲ့ အယူအဆတွေကို တွေ့မြင်ထားခဲ့တယ်ဆိုတဲ့ အချက်လို့ ဆိုနိုင်ပါတယ်။ ဗုဒ္ဓက ဘယ်လိုဆန့်ကျင်လမ်းခွဲခဲ့သလဲ၊ ဘယ်အမြင်ရှုထောင့်ကနေ ဆန့်ကျင်လမ်းခွဲခဲ့သလဲ။ ဒါ မေးရမဲ့ ဗုဒ္ဓဖြတ်သန်းမှုသမိုင်းဆိုင်ရာ မေးခွန်းပါပဲ။

**အဂ္ဂညသုတ် (နိုင်ငံတော်တည်ခန်း) ဒီဃနိကာယ်၊ ပါထိကဝဂ်**

အဂ္ဂညသုတ်ဟာ လူ့အဖွဲ့အစည်းပေါ်ပေါက်လာပုံကို ဟောထားတဲ့သုတ် ဖြစ်ပါတယ်။ နိုင်ငံတော်မှာ သမ္မတလို အုပ်ချုပ်သူမင်း ဘာကြောင့်ပေါ်ပေါက်လာတာကို ဖော်ပြထားတဲ့သုတ် ဖြစ်ပါတယ်။ ဒီဃနိကာယ်၊ ပါထိကဝဂ်မှာ ဝါသေဋ္ဌပုဏ္ဏားနဲ့ ဘာရဒွါဇ ပုဏ္ဏားတို့ဟာ သံဃာ့အဖွဲ့အစည်းထဲ ဝင်ရောက်လာတဲ့အတွက် ဗြာဟ္မဏ လူ့အဖွဲ့ အစည်းက မကျေမနပ်ဖြစ်ကြပါတယ်။

လူတန်းစားမြင့်တယ်လို့ ယူဆထားတဲ့ ဗြာဟ္မဏက လူတန်းစားခွဲခြားထားတာ မရှိတဲ့ သံဃာ့အဖွဲ့အစည်းထဲကို ဝင်ရောက်လာတဲ့အခါ ဒါ ဗြာဟ္မဏအဖွဲ့အစည်းက တန်ဖိုးထားတဲ့ ဂုဏ်သိက္ခာတွေကို ပစ်ပယ်ရာ၊ မငဲ့ကွက်ရာ ရောက်တဲ့အတွက် ဝါသေဋ္ဌ ပုဏ္ဏားနဲ့ ဘာရဒွါဇပုဏ္ဏားတို့ကို ပြောလဲပြောတယ်၊ ကဲ့ရဲ့ဆဲရေးကြပါတယ်။

ဗြာဟ္မဏတွေက ဘယ်လိုရေရွတ်ကြသလဲဆိုရင် –

"ပုဏ္ဏားမျိုးကသာ မြတ်တာ၊ တခြားအမျိုးတွေက ယုတ်ညံ့တယ်။ ပုဏ္ဏားမျိုးကသာ ဖြူစင်တယ်၊ တခြားအမျိုးတွေက ညစ်ထေး မည်းနက်ကြတယ်။ ပုဏ္ဏားမျိုးကသာ (အမျိုးအနွယ်အားဖြင့်) စင်ကြယ်တယ်၊ တခြားအမျိုးတွေက မစင်ကြယ်ဘူး။ ပုဏ္ဏားတို့ကသာ ဗြဟ္မာရဲ့ရင်ဘတ်ဖြစ်ပြီး ဗြဟ္မာခံတွင်းကနေ ဖွားမြင်တဲ့ ဗြဟ္မာကြောင့် ဖြစ်လာတဲ့ ဗြဟ္မာဖန်ဆင်းတဲ့ ဗြဟ္မာအမွေခံ ဗြဟ္မာသားတွေဖြစ်တယ်"

လို့ဆိုပါတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

နောက်ပြီး ဆဲရေးပုံကို ပိဋကတ်တော်ထဲမှာ မှတ်တမ်းတင်တဲ့အခါ–
''သင်တို့ဟာ မြတ်တဲ့ (ပုဏ္ဏား) အမျိုးကိုစွန့်ပြီး မာရ်မင်းရဲ့အသင်းဝင် ဖြစ်တဲ့ ပြဟ္မာရဲ့ ခြေဖမိုးကနေ ဖွားမြင်ပြီးသားဖြစ်ကြတဲ့ ဇာတ်နိမ့် မည်းညစ်ညစ်ဦးပြည်း ရဟန်းညံ့တွေဆီကိုသွားတာဟာ မကောင်းဘူး၊ မသင့်လျော်ဘူး''ဆိုပြီး ဆဲရေးကြတယ်လို့ ဆိုပါတယ်။

ဗုဒ္ဓက ဝါသေဋ္ဌကို ဘယ်လိုရှင်းပြသလဲဆိုရင် ရှေးလောကဖြစ်စဉ်ကို မသုံးသပ် မဆင်ခြင်လို့သာ ပြောတဲ့စကားသာ ဖြစ်တယ်လို့ သဘာဝယုတ္တိနဲ့ ရှင်းပြပါတယ်။

လူကို ဘယ်ပြဟ္မာကနေမှ မမွေးဘူး၊ သဘာဝတရားအရသာ မျက်မြင်မွေးဖွား တာကို ဘယ်လိုဖြေရှင်းပြသလဲဆိုရင် –

**''ပုဏ္ဏားတို့ရဲ့ကြင်ရာ ပုဏ္ဏေးမတွေဟာ ဥတုလာတယ်၊ ကိုယ်ဝန် ဆောင်တယ်၊ သားဖွားတယ်၊ နို့တိုက်တယ်ဆိုတာ သိကြတယ်။ ပုဏ္ဏားတွေဟာ အင်္ဂါဇာတ်ကနေ (အမျိုးသမီးမွေးလမ်းကြောင်းကို ဆိုလိုခြင်းဖြစ်) ပဲ မွေးကြတယ်''**

ဒါ ပိဋကတ်တော်ထဲမှာ လူတွေဆိုတာ သဘာဝတရားကနေသာ မွေးဖွား လာတာ။ ဘယ်သူမှ အထွေအထူးကွဲပြားသွားတာ မဟုတ်ဘူးဆိုတဲ့အချက်ကို သဘာဝ ကျကျ ထောက်ပြချက်ဖြစ်ပါတယ်။ ဗုဒ္ဓကို ဗိုက်ကနေဖွားမြင်တယ်ဆိုတဲ့ မဟာယာနလာ ကျမ်းစာတချို့ရဲ့ ဖော်ပြချက်နဲ့ ထေရဝါဒကျမ်းစာဖော်ပြချက် ကွဲပြားမှုဖြစ်ပါတယ်။

ဒီအဂ္ဂညသုတ်ဟာ ဗုဒ္ဓခေတ် အိန္ဒိယရဲ့ လူတန်းစားစနစ်တွေရဲ့ အယူအဆကို ကောင်းကောင်းမီးမောင်းထိုးပြနိုင်ရုံမက လူတန်းစားအစွဲတွေကို သဘာဝကျကျ မေးခွန်း ထုတ်ပြခဲ့တာ ဖြစ်ပါတယ်။

လူတွေက လူလိုမွေးတာ အတူတူပဲဆိုတာကို မျက်မြင်ဒိဋ္ဌမြင်တွေ့ရပါလျက်နဲ့ အတန်းအစားခွဲခြားပြီး အခြေအမြစ်မရှိ ဆင်ခြင်မဲ့ပြောဆိုမှုတွေကို ဝေဖန်ထောက်ပြခဲ့တာပဲ ဖြစ်ပါတယ်။

ပုဏ္ဏားမျိုးသာ မြတ်တာ၊ တခြားအမျိုးတွေက ယုတ်ညံ့တယ် စသဖြင့် ပြောဆို ကဲ့ရဲ့ ရှုတ်ချတဲ့စကားတွေဟာ ဗြာဟ္မဏတွေကို ရှုတ်ချရာရောက်သလို မမှန်တဲ့စကား ပြောရာလဲရောက်ပါတယ်။ မကောင်းမှုတွေကို အများကြီးပွားသွားနိုင်တယ်လို့ ထောက်ပြခဲ့ ပါတယ်။ ဒါက လူတန်းစားခွဲခြားမှုကို တိတိပပ တော်လှန်လိုက်တဲ့ နှုတ်မြွက်ချက်


mgyoe.com